


# လူမိုက် နဲ့ လူလိမ္မာ ဘာထူးသတုံး

၂၆

ဟောကြားသည့်နေ့
၁၇ - ၁၁ - ၆၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

0144

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ''လူမိုက်နဲ့ လူလိမ္မာဘာထူးသတုံး''

THITSARI LIBRARY
Date

ဟောကြားသည့်နေ့

(၁၇-၁၁-၁၉၆၀)

ထုတ်ဝေသူ ဦးအောင်ချို (မြဲ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဒေါ်နုနုဝင်း (မြဲ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# "လူမိုက်နဲ့ လူလိမ္မာဘာထူးသတုံး"

ဟောကြားသည့်နေ့ (၁၇-၁၁-၆၀)

လူဆိုတာဟာ ဘုရားပဲဖြစ်ဖြစ်၊ ခင်ဗျားတို့ ကျုပ်တို့ပဲဖြစ်ဖြစ် ရှေ့ဘဝက အဝိဇ္ဇာ မရှိဘဲနဲ့တော့ သင်္ခါရ ပေါ်မလာဘူး၊ အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါး ဖြစ်တယ် ဆိုတာဟာ ပုဂ္ဂိုလ်သတ္တဝါတိုင်းလို့ မှတ်ရမယ်၊ ပဉ္စဝေါကာရ ပုဂ္ဂိုလ် မှန်ခဲ့လို့ရှိရင် အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါး "ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ" ဖြစ်တယ် (တင်ပါ့)။

## အဘိဓမ္မာနည်းနဲ့တော့

သာမန် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ "သဏ္ဍာန" တို့ ဖြစ်တော့ ငါးပါးတစ်ပြိုင်နက် ဖြစ်တယ်. . . (တင်ပ့ါဘုရား) အဘိဓမ္မာနည်းနဲ့တော့ ငါးပါး တစ်ပြိုင်တည်း ဖြစ်တယ်. . . (မှန်ပ့ါ) ဟိုကတော့ သုတ္တန်မို့လို့ တန်းပြီးဟောရတယ်၊ သုတ္တန်ဆိုတော့ တစ်မျဉ်းတည်းပဲ၊ တစ်မျဉ်းပဲ ပန်းကုံးသလို ကုံးပြီးတော့ တန်းပြတယ် . . . (တင်ပ့ါ)။

## အမိဝမ်းထဲနာမ်အရင်ရောက်သလား

စင်စစ် ဖြစ်စဉ်ကတော့ ဦးသံဒိုင် အမိဝမ်းထဲရောက်လာ တာဟာ နာမ်ကအရင် ရောက်သလား၊ ရုပ်က အရင် ရောက်သလား မေးဖို့မလိုဘူး၊ **ခန္ဓာငါးပါး တစ်ပြိုင်နက်တည်း ရောက်တယ်၊** ကာယ ဘာဝ ဝတ္ထုကလာပ်နဲ့ ဝိညာဏ်, နာမ်ရုပ်, ပေါင်းပြီးတော့ ပဋိသန္ဓေစိတ်ရတယ်၊ သူနဲ့ ယှဉ်ဖော်ယှဉ်ဘက် စေတသိက်ရယ်ဆိုတော့ နာမက္ခန္ဓာလေးပါး မတွေ့ဘူးလား၊ ကာယ ဘာဝ ဝတ္ထုကလာပ်သုံးစည်းနဲ့ ထည့်လိုက်တော့ ရုပ် ဖြစ်လာတယ်၊ ဒါဟာ ခန္ဓာငါးပါး ပဋိသန္ဓေနေတယ်။

ကောင်းပြီ . . . ဒါဖြင့် ဒီလိုသွားကြစို့၊ ရှေ့ဘဝက သစ္စာလေးပါး မသိတဲ့အတွက် အဝိဇ္ဇာ၊ ရှေးဘဝက ခင်ဗျားတို့

သစ္စာလေးပါးကို မသိခဲ့ဘူး၊ ရှေ့ဘဝတွေကသိခဲ့ရင် ရှေ့ဘဝတွေကပဲ ကိစ္စပြီးကြမှာပဲ၊ ရှေ့ဘဝတွေက သိခဲ့တယ်လို့ ဆိုမလား၊ မသိခဲ့ဘူး ဆိုမလား သစ္စာလေးပါးကို (မသိခဲ့လို့ပါ) မသိခဲ့တာက အဝိဇ္ဇာ၊ ရှေ့ဘဝက အဝိဇ္ဇာကို မသိတော့ မောင်ထွန်းရင်ရော ဦးသံဒိုင်ရော ရမ်းလုပ်တယ်၊ ဖြစ်ချင်တာဖြစ်ကွ ဆိုတော့ ကုသိုလ်လည်း အရမ်းပြုပြီး ခင်ဗျားတို့ လုပ်ခဲ့တယ်၊ အကုသိုလ်ဆိုတဲ့ ဆုတောင်း ပတ္ထာနာတွေကိုလည်း တောင်းခဲ့ကြတယ်၊ လူဖြစ်ရလိုပါ၏ လို့ တောင်းခဲ့တယ်၊ ဒါဖြင့် မသိမှု အဝိဇ္ဇာကြောင့် ပြုချင်သလို ပြုခဲ့တဲ့ ကုသိုလ်သင်္ခါရ၊ တောင်းချင်သလို တောင်းတဲ့ အကုသိုလ် သင်္ခါရ၊ ဒါကြောင့် ခင်ဗျားတို့ ဒီခန္ဓာငါးပါးရတယ်၊ သဘောကျရဲ့လား . . . . (ကျပါတယ်ဘုရား)။

## ခန္ဓာငါးပါး ဘယ်သူ တည်ထောင်သတုံး

ဩော် . . . တို့ခန္ဓာငါးပါးဟာ ဘယ်သူ တည်ထောင်လိုက်တာပါလိမ့်မတုံးလို့ ခင်ဗျားတို့က ဘာမှ တွေးတောမနေနဲ့၊ ဘယ်သိကြား, ဘယ်ဗြဟ္မာ, ဘယ်သူမှ ဖန်ဆင်းတာ မဟုတ်ဘူး၊ အဝိဇ္ဇာနဲ့ သင်္ခါရ ပေါင်းစုပြီး လုပ်ထားတာ၊ မောင်ထွန်းရင် ကျေနပ်ပြီလား . . . (တင်ပါ့) အဝိဇ္ဇာသင်္ခါရကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာဖြစ်တယ်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာဆိုတာ တစ်ပေါင်းတည်း ဖြစ်တယ် . . . (တင်ပါ့ဘုရား)။

## တဏှာက အမိနဲ့တူတယ်

ဒါကြောင့် မာန. . . "အဝိဇ္ဇာ"က အဖ၊ တဏှာက အမိလို့ ဓမ္မပဒမှာ သေသေချာချာ ပါတယ်၊ မာန "အဝိဇ္ဇာ" က အဖနဲ့ တူတယ်၊ တဏှာက အဆော်အသြ အမိနဲ့တူတယ်၊ ရောက်ရာ ဘဝ အပျော်ခိုင်းတာပဲ၊ အခု လူ့ဘဝတွင် ကိုယ့်သား နဲ့ ကိုယ့်မယားနဲ့ ကိုယ့်စည်းစိမ်နဲ့ ကိုယ့်တိုက် ကိုယ့်တာ၊ ကိုယ့်ကားကလေးနဲ့ မပျော်ဘူးလား၊ တော်သေးရဲ့ဆိုတာ လာမယ်၊ တော်သေးရဲ့လို့ ပြောကြမယ်၊ သူများနဲ့စာရင် တော်သေးရဲ့ မသုံးကြဘူးလား၊ တော်သေးရဲ့ဆိုတာ ခင်ဗျား တို့က ဘာထင်သလဲ ရောက်ရာဘဝမှာ ပျော်တာပဲ၊ ရိပ်မိပြီလား၊ ရောက်ရာဘဝမှာ ပျော်တာပဲ။

## တော်သေးရဲ့လို့ ထင်တယ်

ခင်ဗျားတို့ ကျုပ်တို့ ငယ်ငယ်က လန်ချားဆွဲနေတဲ့ ရန်၊ ကုန်ပြေးနေတဲ့ ကုလားတွေကလည်း တော်သေးရဲ့လို့ ထင်တာပဲ၊ အိန္ဒိယနဲ့စာရင် တော်သေးရဲ့၊ ဟိုမှာ တစ်နေ့မှ ခြောက်ပြား၊ ဒီမှာ တစ်ကျပ်လောက်ရတော့ တော်သေးရဲ့လို့ ထင်တာပဲ၊ တော်သာ တော်တယ်၊ နေပူကျဲကျဲ ကတ္တရာစေးပူပေါ်မှာ ပြေးရတယ်၊ သဘောကျပြီလား။

ဒါကြောင့် တဏှာဟာ အမိနဲ့တူတယ်၊ ရောက်ရာဘဝမှာ ခင်ဗျားတို့ ခန္ဓာငါးပါးချော့ထားတယ်၊ ဒါဖြင့် ခင်ဗျားတို့သည် ဘယ်က လာခဲ့သတုံး မေးလို့ရှိရင် အဝိဇ္ဇာ သင်္ခါရကြောင့် တပည့်တော်တို့ ခန္ဓာငါးပါး ရပါတယ် ဘုရားလို့ ဖြေတယ် မဟုတ်လား . . . (တင်ပါ့) သဘောကျပြီလား (သဘောကျပါပြီဘုရား)။

ဒါဖြင့် လူမိုက်လည်းပဲ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ရတယ်၊ သွားလိုက်၊ ဘုရားက သံယုတ်ပါဠိတော်မှာ လူလိမ္မာလည်းပဲ ဣတဲ့ အဝိဇ္ဇာကြောင့် ခန္ဓာငါးပါးရတယ်၊ ဒီဘက်တန်း နဲ့ ဒီဘက်တန်းမှာ ခန္ဓာငါးပါးရတာတော့ ထူးကြရဲ့လား . . . (မထူးပါဘုရား) မထူးဘူးဆိုတာ သေချာပြီနော်၊ ကဲ ဒီဘက်က ကျုပ်က လူလိမ္မာ၊ လူလိမ္မာလည်း ခန္ဓာငါးပါး၊ ဒီဘက်က လူမိုက်လည်း ခန္ဓာငါးပါး၊ လာပုံမှာ အတူတူပဲ၊ မောင်ထွန်းရင် လာပုံ . . . (တင်ပါ့) လာကြတာ အတူတူလာကြတယ်။

## လူမိုက်နဲ့လူလိမ္မာ ဘာထူးသတုံး

အဲဒီတော့ ရဟန်းတို့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာ လူမိုက်လည်း အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါး ဖြစ်တာပဲကွ၊ လူလိမ္မာလည်း အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ဖြစ်တာပဲ၊ ဘာများ ထူးဆန်း

သတုံးကွ၊ မင်းတို့ ပြောကြစမ်း၊ ဘုရားက ရဟန်းတွေကို မေးတယ်။

တပည့်တော်များတော့ မဖြေနိုင်ပါဘူးဘုရား၊ မဖြေနိုင်တာလည်း တခြားကြောင့် မဟုတ်ပါဘူး၊ ကဿပဘုရား လက်နက် ကဿပဘုရား ပရိနိဗ္ဗာန် စံသွားတော့ တရားစစ်ကို ရှာမတွေ့ပါဘူး၊ ဘုရားလည်းပျောက်၊ တရားလည်းပျောက် သွားပါတယ်၊ အဲဒီတော့ ယခုမှ အရှင်ဘုရားက လူလိမ္မာလည်း အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါးဖြစ်တယ်၊ လူမိုက်လည်း အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါးဖြစ်တယ်ဆိုတော့ အတူတူ ဖြစ်နေတော့ ဒါဟာ ဘာတုံးလို့ မေးလို့ရှိရင် တပည့်တော်များ တရားပျောက်တာကို ရှာတာမှာ ဘယ်ကစလို့ ဘယ်မှာ ဆုံးရမှန်း မသိပါဘူးဘုရား၊ အရှင်ဘုရားပဲ ဖြေတော်မူပါလို့ လျှောက်ထား ကြတယ်၊ သဘောကျသလား။

ယခု ခင်ဗျားတို့ မထူးပုံ သေချာပြီမဟုတ်လား၊ ဒီဘက်က လူလိမ္မာမှာလည်း အဝိဇ္ဇာသင်္ခါရကြောင့် ဘာဖြစ်သလဲ . . . (ခန္ဓာနာမ်ရုပ်ပါဘုရား) လူမိုက်မှာရော (ခန္ဓာနာမ်ရုပ်ပါ) အဝိဇ္ဇာ သင်္ခါရကြောင့် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာ ယတန၊ သဠာ ယတန ပစ္စယာဖဿော၊ ဖဿပစ္စယာဝေဒနာ" ဝေဒနာကျတော့ ခန္ဓာက ဆုံးတယ် ရှင်းပြီလား၊ ထူးတယ်ကွ၊ ဘုရားက ထူးတယ်ကွ။

## ရဟန္တာတွေလည်း မဖြေနိုင်

လူမိုက်က အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ပဋ္ဌာန်းနေ၊ ပဋ္ဌာန်းပဲ လုပ်လိုက်တော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ပဋ္ဌာန်း၊ လူမိုက်မှာလည်း ဒီလမ်း ဒီလမ်းနဲ့ ဒီစခန်းဆုံးတယ်၊ ဒီမှာသွားပေါ်ကြတယ်၊ လူလိမ္မာမှာ လည်း ထို့အတူ ပေါ်ကြတာပဲတဲ့ ဘာထူးသတုံးကွ၊ ရဟန်းတွေ ကို အကုန်မှိုင်နေတယ်၊ ဖြေကို မဖြေနိုင်ဘူး . . . (ရဟန္တာ တွေရောဘုရား) ဘယ်ကလာ ဖြေနိုင်လိမ့်မလဲ။

ရဟန္တာ ဆိုသူများရော ဘုရားဟောလို့ ရဟန္တာဖြစ် ရတယ်၊ အချို့ ပဋိသမ္ဘိဒါပတ္တ၊ အချို့ ရိုးရိုးပဲ ကျင့်တယ်၊ တချို့ စာမတတ် ဘူး၊ မိလိန္ဒမင်းကြီးမေးတော့ ထွက်ပြေးကြရတာ ကြည့်ပါလား၊ ရဟန္တာတွေ စာမတတ်လို့ သဘောကျပလား၊ ခင်ဗျားက ရဟန္တာလို့ လာတော့ ဥပဒေပုံစံ ထုတ်လိုက်ရတယ်၊ ရဟန္တာတွေ ပြေးရတယ်၊ ရှုပ်မနေနဲ့ သဘောကျသလား . . . (သဘောကျ ပါတယ်)။

## ရန်ကုန်မှာ သူများပါးစပ်နဲ့လမ်းဆုံးနေတယ်

ရန်ကုန်မှာ ခေတ်စားနေတာက သူများ ပါးစပ်နဲ့ လမ်းဆုံးနေတာ၊ အဲဒါ ရန်ကုန်မှာ ခေတ်စားနေတယ်၊ အဲဒါက တိတ်ရီကော်တာတွေက ထွက်လာတဲ့အသံ၊ ဒီက တိတ်ရီ

ကော်တာတွေ မင်းတို့ သူများပါစပ်နဲ့ လမ်းဆုံး နေလို့ရှိရင် ဝါဂွမ်းဖြစ်လိမ့်မယ်၊ (တပည့်တော်တို့ ပြောပြောပြီး ရယ်လိုက်ရတာ) သန်းမောင်တို့, သိန်းမောင်တို့ အချို့ တပည့်ကြီးတွေ ဟိုဟာလုပ်တာပေါ့ . . . (တင်ပါ့ဘုရား)။

## အလာတူပြီး၊ အသွားထူးတယ်

ကဲကွာ . . . မင်းတို့ သေသေချာချာ နာကြပါ၊ ငါ ရှင်းပြပါမယ်၊ လူမိုက်လာပုံနဲ့ လူလိမ္မာလာပုံဟာ လာပုံသာ တူငြားသော်လည်း . . . သွားပုံ မတူကြဘူး၊ ဟောပုံက အလာတူကြပြီး အသွားထူးတယ်၊ ဟော . . . အလာတူပြီး အသွားထူးတယ်၊ အလာတော့ တူတယ်နော်၊ အပြန်ကျတော့ မတူပါဘူး . . . (တင်ပါ့ဘုရား)။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ပဉ္စက္ခန္ဓာ" ကောင်းပြီ၊ ယခု ဘုရားက တစ်လုံးတည်း အမိန့်ရှိလိုက်တယ်၊ အလာတူငြားသော်လည်း အသွားမတူဘူး၊ လူလိမ္မာနဲ့ လူမိုက်၊ အလာတူငြားသော်လည်း ဘာတဲ့လဲ . . . (အသွားမတူပါဘူး ဘုရား) သဘောကျပြီလား . . . (တင်ပါ့) လူမိုက်ကတော့ ဒီဇာတိခန္ဓာ ငါးပါးကလာပြီး ဒီဇာတိခန္ဓာ ငါးပါးဘက်ကိုပဲ သွားတယ်၊ မသွားပေဘူးလား၊ သူကတော့ ဇာတိ ခန္ဓာငါးပါး တော့ ပေါ်လာပါတယ်၊ ပစ္စုပ္ပန် ဘဝမှာ ပဉ္စက္ခန္ဓာတော့

ပေါ်လာပါတယ်၊ သို့သော်လည်း အဇာတိဘက် သူသွားတယ် လူလိမ္မာက၊ အဇာတိဆိုတာ နိဗ္ဗာန်ပေါ့ဗျာ၊ သဘောကျပြီလား . . . (တင်ပါ့ဘုရား)။

## လူမိုက်နဲ့ လူလိမ္မာထူးတာကတော့

ဒါဖြင့် လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးဆိုတော့ ဇာတိသွားတဲ့ ပုဂ္ဂိုလ်နဲ့ ဇာတိမသွားတဲ့ပုဂ္ဂိုလ်ထူးတယ်၊ ခင်ဗျားတို့ ကောက်နှုတ်ချက်ချပြီး မှတ်လိုက်ပါ လူမိုက်က ဇာတိက လာပြီး အဝိဇ္ဇာသင်္ခါရကလာပြီး အဝိဇ္ဇာသင်္ခါရကိုပြန်လှည့်တယ်၊ သဘောကျပြီလား၊ လူလိမ္မာက အဝိဇ္ဇာသင်္ခါရက လာငြား သော်လည်း အဝိဇ္ဇာ သင်္ခါရလည်း သိမ်းတယ်၊ ဇာတိလည်း သိမ်းတယ်၊ မထူးဘူးလား။

ဒါဖြင့် လူမိုက်က တစ်, နှစ်, သုံးက လာပြီး တစ်, နှစ်, သုံးကိုပဲ ပြန်လှည့်တယ်၊ လူမိုက်က တစ်, နှစ်, သုံးက လာပြီး၊ တစ်, နှစ်, သုံး ဇာတ်သိမ်းတယ်၊ ဂဏန်းလိုပြတော့ တစ်, နှစ်, သုံးက လာတယ်၊ တစ်, နှစ်, သုံးကို ပြန်သိမ်းလိုက်တယ်၊ ရှင်းပြီနော် . . (တင်ပါ့ဘုရား) တိုတိုမှတ်စရာက ဒုက္ခထဲက လာပြီးသကာလ ဒုက္ခဇာတ် ချုပ်သွားတာက လူလိမ္မာ၊ ဒုက္ခထဲက လာပြီး ဒုက္ခထဲကို ပြန်ရောက်တာက လူမိုက်၊ ဆိုထိုက်, မဆိုထိုက် . . . (ဆိုထိုက်ပါတယ်)။

## အကြိမ်ကြိမ်ခံစားရမယ်ဆိုတာ လူမိုက်

ဒါဖြင့်ရင် လောကမှာ လူမိုက်နဲ့ လူလိမ္မာ လူမိုက်က များတယ်ဆိုတာ ခင်ဗျားတို့စိတ်ထဲမှာ ပေါ်မှာ သေချာတယ်၊ ဤဆွမ်း, ဤကွမ်း, ဤကျောင်း လှူဒါန်းမှုကြောင့် လူ့ဘုံ, နတ်ဘုံ အကြိမ်ကြိမ်ခံစားမယ်ဆိုလို့ လုပ်ကြတာက လူမိုက်၊ ဇာတိကလာပြီး ဇာတိသွားတယ်၊ ဇာတိကလာပြီး ဘယ်သွားသလဲ၊ ဇာတိပဲသွားတယ်၊ ဘယ်ဇာတိကရော သုခသစ္စာပါသေးသလဲ . . . (မပါ,ပါ) မပါဘူး၊ အဲဒီတော့ သူ့ကို လူမိုက်ဆိုမလား၊ လူလိမ္မာဆိုမလား . . . (လူမိုက်ပါ)။

## လူမိုက်ကနောက် ပဋိသန္ဓေနေတယ်

သို့သော် ခင်ဗျားတို့က အခု ဆရာဘုန်းကြီးနဲ့လည်း ရင်းနှီးတယ်၊ နားကြီးလို့ ထောင်နိုင်တာ၊ နားမကြီးတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ဩော် . . . တို့မှာ လှူလည်းလှူရသေးရဲ့၊ ပေးလည်းပေး၊ ကမ်းလည်းကမ်းရသေး၊ တို့ကိုလည်း လူမိုက်လဲ အဆိုခံရသေးတယ် ဆိုရင်ဖြင့် သူတွေးရင်း ရင်ကျိုးရမှာပဲ၊ မကျိုးဘူးလား (ကျိုးပါတယ်) ကျိုးပင် ကျိုးငြားသော်လည်း လူမိုက်နဲ့ လူလိမ္မာ ဘာထူးသလဲဆိုတော့ ဗာလာပဏ္ဍိတသုတ်၊ နိဒါနဝဂ္ဂပါဠိတော်မှာ လူမိုက်က နောက်ပဋိသန္ဓေနေတယ်ကွ "နောက် ပဋိသန္ဓေနေတယ်" လူလိမ္မာက နောက်ပဋိသန္ဓေ မနေဘူးကွ၊ ဆိုတော့

ပြောရတော့မှာပဲ ဘုန်းကြီးက မပြောရင် မဖြစ်ဘူးကွ၊ ခုနက စကားကို ဖြစ်ပ့ါမလား . . . (မဖြစ်ပါဘုရား) မဖြစ်တော့ဘူး။

## တရားစစ်က ဒီလိုပါလား

အဲဒီတော့ ခင်ဗျားတို့ ဩော် . . . တရားစစ်က ဒီလိုပါလားဆိုတာ မှတ်ရတယ်၊ တရားတုက ဇာတိကို အားပေးသလား၊ မပေးဘူးလား . . . (ပေးပါတယ်) နားလည် ရဲ့လား ယခုပြောတာ . . . (နားလည်ပါတယ်) အဲဒီတော့ ခင်ဗျားတို့ သူများပါးစပ်နဲ့ လမ်းဆုံးလို့ မတော်ဘူးဆိုတာ အချို့က ဇာတိကို အကောင်းထားလွန်းအားကြီးတယ်၊ အဲဒါ ပါးစပ် လမ်းဆုံးတော့ ခင်ဗျားတို့သည် ဇာတိရှိလျက်နဲ့ ဇာတိရှာတဲ့ ပုဂ္ဂိုလ်တွေလို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်) ဒုက္ခ ရှိလျက်သားနဲ့ တိုတိုပြောကြပါစို့ ဒုက္ခရှာတယ်၊ ဒုက္ခရှိတဲ့ ပုဂ္ဂိုလ်က ဒုက္ခထဲက လွတ်အောင်ရှောင်မှ လူပညာရှိ၊ ဒုက္ခရှိလက်နဲ့ ဒုက္ခရှာတဲ့ ပုဂ္ဂိုလ်ဟာ လူမိုက်ထဲမှာ မသွင်းရင် ဘယ်ထဲကို သွင်းမလဲ ကိုထွန်းရင် . . . (လူမိုက်ထဲ သွင်းရမှာပါဘုရား) သွင်းရမှာပဲ။

## မိုက်တာမိုက်မှန်းသိရင် လူလိမ္မာ

မိုက်တာ မိုက်မှန်းမသိတဲ့လူဟာ မိုက်သည်ထက် ပိုမိုက်တယ်၊ မိုက်တာကို မိုက်မှန်းသိတဲ့လူဟာ လူလိမ္မာ၊ ဓမ္မပဒ

မှာ မိုက်တာကို မိုက်မှန်းသိရင် . . . (လူလိမ္မာ) လူလိမ္မာ၊ မိုက်တာမှ မိုက်မှန်းမသိသေးဘူး၊ သူက ထင်တယ်၊ ပိုမိုက်တယ်၊ ရှင်းပြီလား၊ မိုက်တာမိုက်မှန်းမသိရင် ဘာလဲ ပိုမိုက်တဲ့လူ၊ လူမိုက်တောင် ခြားနားတယ်၊ မိုက်သည့်ထက် ပိုမိုက်တယ်၊ မိုက်တာကို မိုက်မှန်းမသိဘူး၊ အဲဒီတော့ သူ့ကိုဘယ့်နှယ်ဆို မလဲ. . . (လူမိုက်) လူမိုက်ထက် ပိုမိုက်တဲ့လူ ရှင်းပြီလား . . . (တင်ပါ့) မိုက်တာ မိုက်မှန်းသိလို့ရှိရင် လူလိမ္မာ၊ မိုက်တာကို မိုက်မှန်းသိတဲ့လူဟာ . . . (လူလိမ္မာ)။

"ယော ဗာလော မညတိဗာလျံ" ဓမ္မပဒမှာ နော်၊ ယော ဗာလော၊ အကြင်လူမိုက်သည်။ ဗာလျံ၊ မိမိမိုက်သည်၏ အဖြစ်ကို။ မညတိ၊ သိ၏၊ တေန၊ ထို့ကြောင့်ပင်လျှင်။ သော၊ ထိုပုဂ္ဂိုလ်သည်။ ပဏ္ဍိတောဝါပိ၊ ပညာရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘုရားက ဟောတယ်။ ဗာလောစ၊ မိုက်သည် ဖြစ်ပါလျက်။ ပဏ္ဍိတမာနီ၊ ငါပညာရှိ ထင်နေ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ အတိဗာလောတိ၊ မိုက်သည်ထက် မိုက်သော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏ဟု။ အဟံ၊ ငါဘုရား သည်။ ဝဒါမိ၊ ဟော ရှင်းပြီလား။

## မြို့ကြီးသားတွေ မိုက်သည်ထက်မိုက်တယ်

ခင်ဗျားတို့ ကုန်သည်ကြီး မြို့သားကြီးတွေက . . . မိုက်သည်ထက် ပိုမိုက်တယ်၊ ကိုထွန်းရင်က မခံချင်နေ . . .

(ခံရမှာပါ) မခံချင်နေ ကိစ္စမရှိဘူး၊ ဘာဖြစ်လို့လဲ မေးတဲ့အခါကျ တော့ ဟိုကတော့ ကုန်ကို ဒီဈေးနဲ့ရတယ်၊ ဒီအဖိုးထက်ပဲ နည်းယူတယ်၊ ဪ . . . တောကလူတွေ သိတာမဟုတ်ပါ ဘူး၊ မြို့ကြီးသားပေမယ့်လည်း ပါးစပ်သာရှိတာပါ။

အကြောင်းခြင်းရာ ကျကျနနသိတာ မဟုတ်ပါဘူး၊ သူ့အပေါ်မှာ ၁, ချက်၊ ၂, ချက်အကောင်းယူတာက ရှိသေးတာ ကိုးဗျ၊ ဒီလိုမှ မယူလို့ရှိရင် ဘယ်ကျုပ်တို့ စားရမလဲ ခင်ဗျားတို့က တင်လိုက်တယ်၊ တို့ကလေး, မင်းဒီလိုသာ ရောင်းဝယ်နေလို့ရှိရင် မင်း လူမဖြစ်ဘူး၊ မိုက်သည်ထက် ပိုမမိုက်လို့ရှိရင် ဒါ ခင်ဗျားတို့ က အမေမိဘက သင်လေ့ရှိပါတယ်၊ သင်လေ့မရှိဘူးလား . . . (ရှိပါတယ်ဘုရား) ဟိုကလေးကလည်း မိုက်သည်ထက် ပိုမိုက် တာကိုပဲ တတ်လိမ့်မယ်၊ သို့သော်လည်း ပညာခံတယ်၊ ဒါ မိုက်သည်ထက် ပိုမိုက်တဲ့ပုဂ္ဂိုလ်ဆိုရင် သဘော ကျတယ်၊ အရောင်းကောင်း, အဝယ်ကောင်း၊ အရောင်းတတ်, အဝယ် တတ်၊ အို-ချစ်စရာကောင်းလိုက်တာ၊ သူများသားသမီးလေး တွေ မွေးလာတာများ အညွန့်ကလေးတွေနဲ့တောင်မှ ပြောနေ ရသေးတယ်၊ ပြတ္တာအညွန့်ကလေးတွေ သဘောကျရဲ့လား- (မှန်ပါ့ဘုရား)၊ မိုက်သည်ထက် ပိုမိုက်နေတာကိုးခင်ဗျ-ရှင်းပြီ လား၊ ကောင်းပြီ၊ အဲဒါ ဘယ်ကလာသတုံးလို့ မေးလို့ရှိရင် ဘုရား ဆီမှာ တရားနာသွားကြတယ်။

## ခါးပိုက်နှိုက်နှစ်ယောက်

ခါးပိုက်နှိုက် နှစ်ယောက်ဟာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းမှာ ခါးပိုက်နှိုက်သွားကြတယ်၊ တရားပွဲကြီးက စည်တာကိုး ဗျ။ ခြိမ့်ခြိမ့်သဲနေတုန်း ခါးပိုက်နှိုက်ဖို့ နှစ်ယောက်တိုင်ပင်ပြီး သွားကြတယ်၊ တစ်ယောက်က တရားနာရင်း ခန္ဓာနာမ်ရုပ်သိပြီး သောတာပန်တည်တယ်၊ ခါးပိုက်နှိုက်တစ်ယောက်ကတော့ တစ်ပဲ နှိုက်လို့ရတယ်၊ သူကတော့ နှိုက်ဖို့ပဲချောင်းနေတာကိုး။

## တစ်ယောက်က သောတာပန်တည်

အိမ်နီးချင်းတွေဖြစ်တော့ အိမ်ကျတော့ တိုင်ပင်ကြတယ်၊ အို. . . မင်းဘာရခဲ့သလဲဆိုတော့ သောတာပန်တည်တဲ့ပုဂ္ဂိုလ်က ငါတော့ စားဖို့တော့မရခဲ့ဘူးကွာ. . . အဖိုးတန်တာတော့ရတယ်၊ မင်းအဖိုးတန်ရတာက ကိစ္စမရှိဘူး၊ ည ထမင်းငတ်နေလိမ့်မယ်၊ ညကို ဝယ်စားစရာမရှိဘူး၊ လူမိုက် လူလိမ္မာကြီးလုပ်လို့ ငါ့မှာတော့ ရခဲ့တယ်ကွာ၊ တစ်ပဲရခဲ့တယ်ဆိုတော့မှ သောတာပန်ဖြစ်နေတဲ့ပုဂ္ဂိုလ်က သွားလျှောက်တယ်၊ ဘုရားသွားလျှောက်တယ်၊ ခုနဟာမျိုးကို လူကမိုက်တာ မိုက်မှန်းမသိဘူးကွ၊ မင်းက မိုက်တာကို မိုက်မှန်းသိလို့ သောတာပန်တည်တာ ရိပ်မိပြီလား။

## မိုက်တာမိုက်မှန်းသိလို့ သောတာပန်တည်တာ

အေး. . . ခင်ဗျားတို့လည်း မိုက်တာ မိုက်မှန်းသိတော့ သောတာပန်တည်မှာ၊ ဒါမိုက်တာ မိုက်မှန်းသိလို့ ဒီရောက်လာတာ၊ နို့မဟုတ်ရင် ရောက်ကိုမရောက်ဘူး၊ ရောက်ပါ့မလား. . . (သိတာတော့ကြာပါပြီဘုရား)၊ ကိုထွန်းရင်ကြီးရော သိပြီလား၊ သိပြီ. . . သိပေမယ့် အသိအဆုံးသေးဘူး၊ အသိမဆုံးသေးဘူး၊ သောတာပန် အသိမှ သီလမြဲမှာကိုးဗျ၊ တစ်နေ့ကပြောတဲ့ အတိုင်းနော်။

## လူလိမ္မာက ဝိပဿနာရှုတယ်

ကိုင်း. . . အဲဒီဝတ္ထုအသာထားပြီးတော့ အဲဒီဝတ္ထုနဲ့ ဒီဝတ္ထုအတူတူပဲ၊ ဒါကသံယုတ်၊ ဟိုကဓမ္မပဒခါးပိုက်နှိုက်နှစ်ယောက် ဟောဒါက လူလိမ္မာ၊ လူမိုက် ခန္ဓာငါးပါး လူလိမ္မာ ခန္ဓာငါးပါးသဘောကျပြီလား၊ သူကတော့ကို ခန္ဓာကိုယ်ကို ဝိပဿနာရှုတယ်၊ မသေခင် ပဝတ္တိကျတော့ သူရှုတော့မှာပေါ့ဗျာ၊ ဝိပဿနာရှုမယ်၊ သူကတော့ သူ့ခန္ဓာကိုယ်ကို ကျွေးဖို့မွေးဖို့ တဏှာ၊ သူ့ခန္ဓာခင်တဲ့ တဏှာ၊ ဝိဘဝတဏှာ မဟုတ်ဘူးလား၊ ကံ, မဟုတ်ပေဘူးလား၊ ကာယကံ, ဝစီကံ, ရောင်းဝယ်ဖောက်ကား စုတေမနေ သေလွန်တဲ့ အခြားမဲ့၌ သူ့ဇာတိပဲ ပြန်ရတယ် မရဘူးလား. . . (ရပါတယ်ဘုရား)။

ဒီ လူလိမ္မာကတော့ သူ့ခန္ဓာကိုယ်ကြီး ပဝတ္တိအခါမှာ ဝိပဿနာဉာဏ်နဲ့ရှုပြီးသကာလနေတော့ ဒီတဏှာဥပါဒါန်, ကံ, ဇာတိမချုပ်ပေဘူးလား၊ လူလိမ္မာကတော့ ချုပ်တယ်၊ တက်လာသေးရဲ့လား (မလာပါဘုရား)၊ လူမိုက်ကျတော့ရော (လာပါတယ်) ဇာတိ လာတယ်ဆိုကတည်းက ဒီ အဝိဇ္ဇာနဲ့ သင်္ခါရက ဒီဝင်ရတော့မယ်၊ မဝင်ရပေဘူးလား. . . ဝင်ရမယ်၊ ဇာတိ၏ အကျိုးအကြောင်းဆိုတာ သူတို့ပဲ၊ အို. . . မသေချာဘူးလား. . (သေချာပါတယ်)။

ဒါဖြင့် အမှောင်ထဲကလာပြီး အမှောင်ထဲ ပြန်သွားရမယ်၊ ရှင်းပြီလား၊ လူမိုက်က အမှောင်ထဲကလာပြီး အမှောင်ထဲပဲ ပြန်သွားမယ်၊ ဟောဒီ လူလိမ္မာကတော့ အမှောင်ထဲကလာတာ တော့မှန်ပါတယ်တဲ့၊ အဝိဇ္ဇာသင်္ခါရတည်းဟူသော အမှောင်မိတာတော့ မှန်ပါတယ်၊ အမှောင်ထဲကလာပြီး သကာလ ဟောဒီ မဂ်တည်းဟူသော အလင်းရတဲ့အတွက် ဒီဘက်မှာ အမှောင်လာသေးသလား. . . (မလာပါဘုရား)။

## ဝိပဿနာရှုတယ်ဆိုတာ

ဘာဖြစ်လို့တုံးလို့ ငါဘုရားက ဟောရလို့ရှိရင် သူက ဗြဟ္မာ့စရိယာ အကျင့်ကျင့်တယ်၊ မဂ္ဂအကျင့် ကျင့်တယ်၊ သူက ဗြဟ္မာ့စရိယာ အကျင့်ပါသလား. . . (မပါ,ပါဘုရား၊ တဏှာ,

ဥပါဒါန်, ကံ ခြံရံနေတော ဇာတိ, အဝိဇ္ဇာ, သင်္ခါရ, မလာဘူးလား၊ သူကတော့ အဝိဇ္ဇာ, သင်္ခါရ, ခန္ဓာငါးပါး, ဇာတိ သူကရတဲ့ ခန္ဓာငါးပါးကို ဝိပဿနာရှုတယ်၊ ဝိပဿနာရှုတယ်ဆိုရင် မဂ္ဂဖြဟ္မစရိယာအကျင့်မဖြစ်ဘူးလား. . . (တင်ပါ့)။

## မဂ္ဂဖြဟ္မစရိယာဆိုတာ ဘာတုံး

ဝိပဿနာဉာဏ်ဆိုတာ မဂ္ဂဖြဟ္မစရိယကျင့်တယ်၊ သဘောကျပလား၊ ဝိပဿနာဉာဏ်ဆိုတာ ဘာလဲ၊ မဂ္ဂဖြဟ္မစရိယအကျင့်. . . (တင်ပါ့)၊ မဂ္ဂဖြဟ္မစရိယဆိုတာ ဘာတုံး၊ အို. . . ပုဗ္ဗဘာဂ မဂ္ဂဖြဟ္မစရိယာ၊ ပုဗ္ဗဘာဂဆိုတာ ရှေးဦးစွာကျင့်ရမည့်အကျင့်ဖြစ်တယ်၊ သဘောကျရဲ့လား၊ ပုဗ္ဗက ရှေ့ဘာဂက အဖို့၊ ရှေ့အဖို့ ကျင့်ရမည့်အကျင့်ဖြစ်တယ်၊ ဘယ်သူမှ လောကုတ္တရာမဂ် အရင်မလာဘူး။

## ငါးပါးပြီးရှစ်ပါးလာတယ်

ဒီမဂ်ပြီးမှ ဒီမဂ်လာမယ်၊ ငါးပါးပြီး ရှစ်ပါးလာတယ်၊ သဘောကျပလား၊ ဒါကြောင့် သူ့မဂ္ဂဖြဟ္မစရိအကျင့်လို့ ငါဘုရားဟောတယ်၊ ဒါဖြင့် လူလိမ္မာက ခန္ဓာငါးပါးရပြီးတဲ့နောက်. . . မဂ္ဂဖြဟ္မစရိယအကျင့် ကျင့်ကြံသောကြောင့် မှောင်ထဲကလာငြား သော်လည်း အလင်း ဒီဘက်ကို ဇာတိ, ဇရာ, မရဏာသည်

ကျွတ်ရာဖြစ်ပြီးတော့ အလင်းနိဗ္ဗာန်ကို သူရတယ်၊ မရဘူးလား . . . (ရပါတယ်ဘုရား)။

လူလိမ္မာက (ရပါတယ်)၊ လူမိုက်ကတော့ (မရပါဘုရား)၊ အမှောင်ထဲကလာတာဗျ၊ ဘယ်ရောက်သလဲ အမှောင်ထဲကို ပြန်ရောက်တယ်ရှင်းပြီလား။

## အမှောင်ကလာပြီးအလင်းရောက်တယ်

အမှောင်ထဲကလာပြီးတော့ အမှောင်ထဲကပဲ သွားတယ်၊ လူလိမ္မာက အမှောင်ထဲကလာပြီး အလင်းရောက်တယ်၊ ဒါဖြင့် အလင်း ဘယ်သူပေးသတုံးလို့ မေးတဲ့အခါကျတော့ ပုဗ္ဗဘာဂမဂ်ကို ကျင့်ပါများရင် ပစ္ဆာဘာဂမဂ်ဆိုတဲ့ မဂ္ဂရှစ်ပါးကို ရထိုက် မရထိုက် ခင်ဗျားတို့စဉ်းစားကြ။

ရှုရမယ်မဟုတ်လား၊ ဒီမဂ်ရှိရင် ဒီမဂ်ရမယ်၊ ဒီမဂ်မှ မရှိခဲ့ရင် ဒီမဂ်က မရနိုင်ဘူး၊ သဘောကျရဲ့လား၊ ပုဗ္ဗဘာဂမဂ်ဆိုတာ ငါးခု၊ ပစ္ဆာဘာဂမဂ်က ရှစ်ခု. . . (တင့်ပါဘုရား)။ ဝိပဿနာမဂ် မပါဘဲနဲ့ လောကုတ္တရာမဂ် ရပ့်မလား. . . (မရပါ)၊ မရဘူးကိုထွန်းရင်၊ သဘောပေါက်ပြီလား . . . (တင်ပ့်ါဘုရား)။

## အမိုက်ထဲကလာပြီး အမိုက်ထဲသွားတယ်

ဒါဖြင့်ရင် သံယုတ်ပါဠိတော်ကလာတဲ့အတိုင်း လူလိမ္မာနဲ့ လူမိုက် ဘာထူးသလဲဆိုတော့ အမိုက်ထဲကလာပြီး အမိုက်ထဲ

သွားလို့ရှိရင် လူမိုက်၊ ရှင်းပြီလား၊ လာတုန်းကလည်း အမိုက်ထဲကလာတာ၊ အဝိဇ္ဇာ သင်္ခါရက သူမလာဘူးလား၊ လာသလား၊ အဝိဇ္ဇာ သင်္ခါရကြောင့် ပဉ္စက္ခန္ဓာငါးပါးဖြစ်လာတာပဲတဲ့၊ အမိုက်ထဲကလာပြီးသကာလ သူမှာ ဘာလာသတုံးဆိုတော့ ဒီဟာတွေပြန်လာတယ်၊ ပဝတ္တိအခါမှာ ဒါတွေ ပြန်မလာဘူးလား။

တဏှာ, ဥပါဒါန်, ကံ ဒါ. . . နောက်ဘဝ၊ အဝိဇ္ဇာ, သင်္ခါရ ဇာတိ မလာပေဘူးလား၊ ဒီ ပဋိစ္စသမုပ္ပါဒ်ကလည်း ဒါဟာ ကျော်ဟောသွားတဲ့တရားက၊ နှစ်ဘဝဆက်တဲ့ဟာနဲ့ ဟောရမယ်ဆိုရင် ဒီနေရာမှာ အဝိဇ္ဇာသင်္ခါရနဲ့ ပြန်ဆက်၊ ကံနဲ့ ဇာတိကို ပဋိစ္စသမုပ္ပါဒ်က ဆက်ပြန်တယ်၊ မဖြစ်နိုင်ဘူးတဲ့၊ ဘုရားက ဟောစဉ်မို့သာ ဟောလိုက်တယ်၊ ဖြစ်စဉ်က အဝိဇ္ဇာသင်္ခါရ ဆက်ပြီးမှ ဇာတိဆက်ရမယ်၊ ဒီကလာတာ ဒီအတိုင်းပဲရှင်းပြီလား။

## မဂ္ဂဗြဟ္မစရိယကျင့်မှ ထူးမှာ

ဒါဖြင့် ခင်ဗျားတို့ ရထားတဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ တူရဲ့လားလို့မေးရင် ဘယ့်နှယ်ဖြေမလဲ. . . (မတူပါ)၊ ဟောစဉ် ဟောထားတာတော့ တူတယ်၊ ဖြစ်စဉ်ပြောတဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ မတူဘူး၊ ဖြစ်စဉ်ကတော့ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာဖြစ်ရမယ်၊ ရှင်းပြီနော်၊ ကဲ. . . ဒါဖြင့် အမိုက်ထဲကလာပြီး အလင်းရတဲ့ပုဂ္ဂိုလ်တွေ အမိုက်ထဲကလာပြီး အမိုက်ထဲပြန်ရောက်တဲ့ပုဂ္ဂိုလ်ဟာ ဘာထူး

သတုံးဆိုတော့ ဟောဒီ မဂ္ဂဗြဟ္မစရိယအကျင့်နှစ်ခု ကျင့်မှထူးမှာ၊ နို့မဟုတ်ရင် မထူးကိုမထူးဘူး၊ ကိုထွန်းရင် နေရာကျပြီလား . . . (တင်ပ့ါ)။

ဒီပုဗ္ဗဘာဂ ဗြဟ္မစရိယအကျင့်၊ ပစ္ဆာဘာဂ နောက်အဖို့မှ ကျင့်ရမယ့် မဂ္ဂဗြဟ္မစရိယအကျင့်၊ ဒီနှစ်ကျင့်ကို မကျင့်လို့ရှိရင်၊ အမိုက်ထဲကလာပြီး အမိုက်ထဲသွားမှာပါပဲ၊ မဟုတ်ဘူးလား၊ အမှောင်ထဲက လာရင် အမှောင်ထဲသွားမှာပါပဲ၊ အမှောင်ထဲက လာပြီး သွားနေတဲ့ပုဂ္ဂိုလ်ဟာ အလင်းရချင်လို့ရှိရင် ဒီအလုပ်လုပ်ရင်လုပ်၊ မလုပ်လို့ရှိရင် ကိုယ်ကျိုးနည်းမယ်။

## မဂ္ဂင်ငါးပါးကအရင်ပွားမယ်

"မဂ္ဂင်လမ်းငါးပါးနဲ့ အရင်ပွားရမယ်" မဂ္ဂင်ငါးပါးက အရင်ပွားရမယ်၊ ဘယ်သူမှ ရှစ်ပါးပွားလို့မရဘူး၊ ဝိရတီကိုးဗျ၊ ခင်ဗျား သဂြိုဟ်လေး အနည်းအပါးလုပ်ဖူးတော့ကို ဝိရတီဆိုတာ နိယတလား. . . အနိယတလ း. . . မြဲသလား. . . မမြဲဘူးလား ဆိုတော့ အနိယတပါ၊ အနိယတဆိုတာ သူက သီလမဂ္ဂ၊ သီလမဂ္ဂင်မြဲရဲ့လား. . . (မမြဲပါ) မမြဲဘူး၊ အရိယာဖြစ်မှ မြဲတယ်။

## အရိယာဖြစ်မှသီလမဂ္ဂင်မြဲတယ်

ဒါကြောင့် အရိယာဖြစ်မှ သီလမဂ္ဂင်သုံးပါးက ပါတယ်၊ ရှင်းပြီလား၊ ဒီအရင်တုန်းကတော့ ခြောက်ပါးပါတယ်၊ ငါးပါးပါ

တယ်ဖြစ်မယ်၊ အဲဒီတော့ ဘုရားက ဒီလိုမဟောနဲ့တဲ့၊ ငါးပါးသာ ရှေ့ထား၊ မမြဲတာထည့်မနေနဲ့ ပေါ်ပြီလား၊ အဲဒါသဘော. . . သဘောပဲ၊ ဒါဖြင့် လူမိုက်နဲ့ လူလိမ္မာ ထူးကြရဲ့လား၊ ကဲ. . . ဦးသံဒိုင် လူမိုက်နဲ့ လူလိမ္မာ ထူးသလား (ထူးပါတယ်)။ လူမိုက်က မဂ္ဂဗြဟ္မစရိယအကျင့် မပါဘူး၊ မဂ္ဂဗြဟ္မစရိယအကျင့် ပါသလား. . . (မပါပါဘုရား)။

ဒါကို ဖြစ်ပျက်ရှုတာပါရဲ့လား. . . (မပါ,ပါ)၊ ခန္ဓာငါးပါး ဖြစ်ပျက်ရှုတာ ပါရဲ့လား၊ ခန္ဓာငါးပါးဖြစ်ပျက်မုန်းတာ ပါရဲ့လား (မပါ,ပါဘုရား)၊ ခန္ဓာငါးပါးတည်းဟူသော ဒုက္ခဆုံးတဲ့နိဗ္ဗာန်ကို မြင်တဲ့ဉာဏ် ပါရဲ့လား. . . (မပါ,ပါ) လူမိုက်က. . . (မပါ,ပါ)၊ လူလိမ္မာက. . . (ပါ,ပါတယ်) ဆိုတော့ သူက ငါရှင်းပြမယ်၊ အလင်းရတယ်၊ မင်းတို့က မသိလို့ "ဝိဇ္ဇာ ဥဒပါဒိ အာလောကောဥဒပါဒိ" လို့ ငါတိုက်ရိုက်ဟောထားတယ်. . . (ပေါ်ပါပြီ ဘုရား)။

သူ့အလင်းရသွားတယ်၊ အဝိဇ္ဇာမှ အလင်းရသွားတယ် . . . (မှန်ပါ့)၊ ဉာဏံ ဥဒပါဒိ ရွတ်သာရွတ်နေတာ ခင်ဗျားတို့က ဒါ လုပ်မှမလုပ်ဘဲ၊ ရှင်းပြီလား၊ "ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ ဉာဏံဥဒပါဒိ" မလာဘူးလား. . . (လာပါတယ်ဘုရား)။

စက္ခုံဥဒပါဒိ၊ အဲဒါတွေဟာ ဉာဏ်တစ်ခုတည်းကို ဟောတာ၊ "စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊

အာလောကောဥဒပါဒိ" ဉာဏ် တစ်လုံးတည်း ဉာဏ်အလင်းကို ဟောတာ၊ ဟောဒီခန္ဓာကိုယ်မှာ အဝိဇ္ဇာဖုံးနေတာကြီးမရှိပါဘူး၊ ဖြစ်ပျက်သာရှိပါတယ်လို့ ဟောဒီဉာဏ်က အလင်းရပြီလို့ မြင်ပြီကွ။

ဒါကြောင့် သူ "ဝိဇ္ဇာဥဒါဒိ၊ အာလောကောဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဉာဏံဥဒါပါဒိ၊ စက္ခုံဥဒပါဒိ" ဆိုတာ ငါ ဒါကြောင့် ခမ္မစကြာမှ ဟောတာ၊ ဒါကြောင့် သူက အမိုက်ထဲကလာပြီး အလင်းရတယ်. . . (တင်ပ့ါ)၊ ခမ္မစကြာပါသဘောကျသွားပြီလား။

## တဏှာနားနဲ့တော့မထောင်နဲ့

ဒီပုဂ္ဂိုလ်ကတော့ အဝိဇ္ဇာကလာပြီး အဝိဇ္ဇာဘက်သွား အမှောင်ထဲ သွားတယ်ဆိုတော့ တိရစ္ဆာန်ဘဝကလာပြီး တိရစ္ဆာန်ထဲသွားတယ်၊ ဒီဘဝက သူဆင်းရဲက လာတော့ သူဌေးကြီးသွားဖြစ်တော့ ဒါ အမှောင်ထဲကလာပြီး အမှောင်ထဲသွားတာပဲ. . . (အမှောင်ထဲသွားတာပဲ) ထူးသေးသလား (မထူးပါဘုရား) တဏှာ နားနဲ့တော့ မထောင်နဲ့ဦးထွန်းရင်၊ တဏှာနားနဲ့တော့ မထောင်နဲ့ ဦးထွန်းရင်၊ တဏှာနဲ့ မထောင်နဲ့ ခု တရားဟောနေတာကို ဘာနားနဲ့ ထောင်ရမလဲဆိုရင် ဉာဏ်နားနဲ့ ထောင်ရမယ်၊ ရှင်းပြီလား. . . (တင်ပ့ါဘုရား)။

တဏှာနားနဲ့ထောင်လို့ရှိရင် ဘယ်နှယ့်နေမလဲ၊ သူဆင်းရဲဘဝကနေပြီးတော့ လူချမ်းသာဖြစ်တာမကောင်းဘူးလား၊ တဏှာနားဘက်က ဒါကြိုက်တယ်. . . (ကြိုက်ပါတယ်)၊ ဉာဏ်နားနဲ့ကတော့ လူဆင်းရဲလည်း ခန္ဓာငါးပါး ဒုက္ခသစ္စာပဲ၊ လူချမ်းသာရတော့ရော ခန္ဓာငါးပါး (ဒုက္ခသစ္စာပါ) သူ့ကျတော့ရော ဇာတိ, ဇရာ, မရဏ လွတ်ရဲ့လား၊ လူချမ်းသာရော လွတ်ရဲ့လား. . . (မလွတ်ပါဘုရား)။

## ဉာဏ်နားနဲ့ထောင်ရမယ်

မလွတ်တော့ ဉာဏ်နားမှာတော့ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့မှတ်၊ လူချမ်းသာလည်း ဒုက္ခသစ္စာပဲမဟုတ်ဘူးလား၊ လူဆင်းရဲရော. . . (ဒုက္ခသစ္စာပါ)၊ ဒုက္ခသစ္စာပဲထား၊ ဘယ်သူ့ခန္ဓာက ဘာထူးသလဲ. . . (ဘာမှမထူးပါဘုရား)၊ ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့ အခု ဒီလာတာဟာ ဒိဝိဇ္ဇာ ဥဒပါဒိမှ မဖြစ်တော့ဘူး၊ အလောကော ဥဒပါဒိလေးမှ ခင်ဗျားနာရုံလေးလောက်ဖြစ်ပြီးသကာလ ကိုယ့်ဉာဏ်ထဲမှာ အဝိဇ္ဇာကို ခင်ဗျားတို့ အဝိဇ္ဇာအမှောင်ထဲသွားတယ်၊ အမှောင်ထဲကလာပြီး. . . (အမှောင်ထဲသွားတယ်)၊ ခန္ဓာတွင်းကို ဉာဏ်အလင်းမှ မထိုးနိုင်ဘူးဆိုရင် ခင်ဗျားတို့ လူမိုက်က လူမိုက်ပဲပြန်ဖြစ်သွားမယ်. . . (တင်ပါ့)၊ မဖြစ်ပေဘူးလား. . . (ဖြစ်မှာပါဘုရား)။

## နာရုံလောက်နဲ့တော့မရဘူး

အဲဒီတော့ ဘုန်းကြီးက နာရုံလောက်ပဲ နာရုံလောက်တော့ မရဘူး၊ ဘယ်နည်းနဲ့မှမရဘူး၊ အာလောကောဥဒပါဒိဆိုတာ ဟောတာ ဒုက္ခသစ္စာ၊ တစ်ခုမှ သုခမပါဘူး၊ ခန္ဓာငါးပါးစလုံး သဘောကျပလား၊ ဒီလိုမြင်မှ အာလောကော ဥဒပါဒိဖြစ်နိုင်တယ်၊ အဝိဇ္ဇာရှိနေတဲ့ပုဂ္ဂိုလ်ဟာ ခန္ဓာငါးပါးမှာ ဟော. . . ခေါင်းကတော့ သက်သာပါတယ်၊ ဝမ်းကတော့ မသက်သာဘူး၊ လုပ်ယူမှ ခင်ဗျားတို့ဒုက္ခထဲက သုခရှာနေမှာ၊ ခင်ဗျားတို့မရှာပေဘူးလား. . . (ရှာမှာပါ) ရှာရင်မလွယ်ဘူး၊ ရှာရင်မလွယ်ဘူးတစ်ကိုယ်လုံး ပဉ္စက္ခန္ဓာက ဒုက္ခသစ္စာပဲ၊ ပဉ္စက္ခန္ဓာ ဒုက္ခသစ္စာလို့ ဓမ္မစကြာမှာလည်း ဟောတယ်၊ သတိပဋ္ဌာန်မှာလည်း ဟောတယ်၊ မဟောဘူးလား၊ ဘယ်ခန္ဓာကို သုခသစ္စာလို့ ဟောသေးသလဲ. . . (မပါ,ပါဘုရား)၊ မပါကို မပါပါဘူး။

## အညာသိကောဏ္ဍညော

အဲဒီတော့ကို အားလုံး ဒုက္ခသစ္စာပဲ၊ မြင်လိုက်လို့ရှိရင် "အာလောကောဥဒပါဒိ" ဖြစ်ပြီနော်၊ ခင်ဗျားတို့ "အာလောကော ဥဒပါဒိ" ဖြစ်ပြီနော်၊ ဒီခန္ဓာငါးပါးဟာ အကုန်ဖြစ်ပျက်ချည်းပဲ၊ ဒုက္ခသစ္စာချည်းပဲလို့ ခင်ဗျားတို့ မြင်လို့ရှိရင် ဦးသံဒိုင် အာလောကော ဥဒပါဒိဖြစ်ပြီ. . . (တင်ပ့ါ)၊ နို့မဟုတ်ရင် ဘယ်တော့မှ

မဖြစ်ဘူး၊ အညာသိကောဏ္ဍညောဆိုတာကို ခင်ဗျားတို့ သိတယ် . . . (သိပါတယ်)။

ကောဏ္ဍညော = ကောဏ္ဍညသည်၊ အညာသိ=ပညာနဲ့ သစ္စာလေးပါး သိသွားတယ်ဆိုတာ ဒါပဲ၊ ခန္ဓာငါးပါးကို ဒုက္ခသစ္စာလို့ ပညာနဲ့သိသွားပြီ၊ ဒါကြောင့် သူ့ အညာသိကောဏ္ဍညောလို့ ခင်ဗျားတို့စာထဲမှာ မပါဘူးလား (ပါ,ပါတယ်)၊ ကောဏ္ဍညော= ကောဏ္ဍညသည်၊ အညာသိ=ပညာဖြင့် ဒုက္ခသစ္စာလို့ သူ့ခန္ဓာငါးပါးကို သူသိသွားပြီ၊ ဖြဟ္မာပြည်ရောက်အောင် ကျော်စော သွားတယ်၊ မဟုတ်ဘူးလား၊ ပေါ်ပြီလား (ပေါ်ပါပြီ)၊ ဒါဖြင့် နာရဲ့ နဲ့ "အာလောကောဥဒပါဒိ" ဖြစ်မှာလား ကိုထွန်းရင် . . . (ပွားမှ ပါဘုရား)။

## ဘုန်းကြီးက လင်းအောင်နည်းပေးနိုင်တယ်

ဒါဖြင့် ဘုန်းကြီးက ဘာတတ်နိုင်သေးသလဲလို့မေးတော့ အသိတတ်နိုင်တယ်၊ အပွားတော့ ခင်ဗျားတို့သန္တာန်မှာရှိတဲ့ ကိလေသာကို ကျုပ်က ဖြတ်မပေးနိုင်ဘူး၊ ခင်ဗျားတို့သန္တာန်မှာ ရှိတဲ့ အမှောင်ကို ကျုပ်က လင်းအောင် လုပ်မပေးနိုင်ဘူး၊ လင်းနည်းပေးနိုင်တယ်၊ လင်းအောင် လုပ်မပေးနိုင်ဘူး၊ သဘော ပါရဲ့လား . . . (ပါပ,ါတယ်)၊ သူရာဟုလာ ထမ်းမခေါ်နိုင်ဘူး၊ ခုနက ဒကာမတွေတောင် ဘုန်းကြီးပြောလိုက်သေးတယ်၊ကဲ . . .

ဒါဖြင့် ရှင်းပြီလား၊ ဒါဖြင့် ခန္ဓာငါးပါးကို ခင်ဗျားတို့ ဖြစ်ပျက်ရှုပါ၊ တစ်ပါး,ပါး မရှုရဘူးလား. . . (ရှုရပါမယ်ဘုရား)၊ ရှုတော့ ဒီမဂ်နဲ့ အရင်ရှု ဒီမဂ်ရှုပါများလို့ရှိရင် ဒီမဂ်ပေါ် ရမယ်၊ မပေါ်ဘူးလား. . (ပေါ်ပါမယ်)။

## နိဗ္ဗာန်ရောက်ပုံပြောစမ်းပါ

ဘာနဲ့တူသတုံးဆိုတော့ မိလိန္ဒမင်းကြီးက အရှင်ဘုရား နိဗ္ဗာန်ရောက်ပုံပြောစမ်းပါဦးဘုရား၊ အရှင်နာဂသိန် ရဟန္တာကို လျှောက်တယ်၊ နိဗ္ဗာန်ရောက်ပုံ ပြောစမ်းပါဦးဘုရား. . . တပည့်တော် နိဗ္ဗာန်ရောက်နည်း, လုပ်ချင်တယ်ဆိုတော့ ဒကာကြီးတဲ့ ဟောဒီ ပုဗ္ဗဘာဂမဂ်က ဝိပဿနာမဂ်ကို ဒီခန္ဓာငါးပါးကိုရှု၊ ဦးသံဒိုင်တို့ ရှုပေးပါတဲ့၊ ဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက် မြင်နေအောင်နော်၊ ဖြစ်ပျက်ဆိုတာ ဒုက္ခသစ္စာနော်၊ ဖြစ်ပြီး ပျက်တာ ဘာသစ္စာလဲ. . (ဒုက္ခသစ္စာ) ဒုက္ခသစ္စာကို ဖြစ်ပျက် ဖြစ်ပျက် ရှုရှု, ရှုရှု, ရှုရှုပေး၊ ရှုရှုပေးသွားတဲ့အခါကျလို့ရှိရင် ဒီမဂ်နဲ့ ရှုနေတုန်းတော့ ဖြစ်ပျက် မှတစ်ပါး ဘာမှမရှိဘူး၊ အပျက်ချည်းပဲ မြင်ချင်မြင်မပေါ့ဗျာ။

ငြီးငွေ့ချင်လည်း ငြီးငွေ့မယ်၊ ဉပေက္ခာ ထားချင်ထားမယ်၊ ဘာထားထား အပျက်ချည်းပဲ၊ ဒီလိုချည်းမြင်မယ်၊ နောက်တော့ကို. . . တဲ့။ ဒီအပျက်တွေ မမြင်တဲ့ဉာဏ် ပေါ်လာလိမ့်

မယ်၊ ဒီအပျက်တွေ ချုပ်သွားလိမ့်မယ်၊ ရှင်းပြီလား. . . (ရှင်းပါပြီ ဘုရား)။

## အရှင်နာဂသိန်ကဟောတာ

ဒါ ကိုယ်တိုင်မြင်တဲ့ပုဂ္ဂိုလ်ကပြောတယ်၊ အရှင်နာဂသိန်က ဟောတယ်၊ အရှင်ဘုရား, နိဗ္ဗာန်မြင်ပုံပြောစမ်းပါဆိုတော့ ပထမရှေးဦးစွာ မဂ်မှာပဲ ဒကာကြီး ဖြစ်ပျက်ချည်း မြင်နေလိမ့်မယ် တဲ့. . . (တင်ပါ့) ဒကာကြီး ဖြစ်ပျက်ချည်း မြင်နေလိမ့်မယ်၊ ရှင်းပြီလား၊ အလုပ်သင်ပေးပြီနော်. . . (မှန်ပါ)၊ ခန္ဓာငါးပါးစလုံး တစ်ပါးပါးရှုရှု ကြိုက်တာရှု ဟစ်နေ့ကလိုပဲ တစ်ပင်ဆွဲရုံနဲ့ အကုန်လဲတယ်ဆိုတာ သိနေတော့ အဲဒီတော့ တစ်ပါးပါးရှုနေတဲ့အခိုက် အပျက်တွေ မြင်မနေဘူးလား။

ဝိပဿနာမဂ်က ဘာသာမြင်သတုံးဆိုတော့ သင်္ခါရသာ မြင်တယ်လို့ဟောရမှာပဲ၊ သင်္ခါရဆိုတာ ဖြစ်ပျက်ဆိုတာ ရှင်းပြီလား၊ ဖြစ်ပျက်တွေချည်းမြင်နေမယ်၊ နောက်တော့ ဖြစ်ပျက်တွေ မြင် ဖြစ်ပျက်တွေမုန်း၊ နောက်တော့ ဖြစ်ပျက်တွေ ဆုံးသွားတယ်၊ ဆုံးသွားတာ့ ဒီမဂ်လည်း မရှိတော့ဘူး၊ ဒီမဂ်နေရာမှာ အစားထိုးတယ်၊ လောကုတ္တရာမဂ်ပဲ အစားထိုးတယ်၊ ဖြစ်ပျက်မဆုံးသေးရင် . . . (လောကုတ္တရာမဂ် မလာနိုင်ပါဘုရား)၊ မလာနိုင်ဘူး။

အဲဒါ ဘယ်သူကဟောတာတုံးဆိုတော့ ကိုယ်တိုင် ရဟန္တာ ဖြစ်လာတဲ့သူကဟောတာ၊ မသေချာသေးဘူးလား (သေ ချာပါတယ်) တို့ဉာဏ်တွေ ပြောမနေနဲ့တော့တဲ့၊ သူ့ဟာသူ ပါသွားလိမ့်မယ်၊ ခင်ဗျားလုပ်ရင်း ပါသွားမယ်၊ လုပ်ရင်းပါသွား လိမ့်မယ်၊ ဒါ ကျုပ်ကပြောနေဖို့မလိုဘူး၊ ကြာသလားဆိုတော့ မကြာပါဘူး၊ လမ်းမှတ်တိုင်ကို မီးရထားတို့ လေယာဉ်များလည်း မြန်မြန်မောင်း လမ်းမှတ်တိုင်သာ မှန်ပါစေ၊ ရထားမြန်မြန်မောင်း ကြည့်ပါလား၊ မိုင်တိုင်လမ်း မှတ်တိုင်တွေ အကုန်မှတ်မိပါ့မလား၊ ရိပ်ခနဲဆိုပြီးနေပါတယ်၊ ရိပ်ခနဲနေတယ်၊ အဲ. . . ဉာဏ်ထက်လို့ ရှိရင် ရိပ်ခနဲဆိုတော့ လိုရင်း ရန်ကုန်ဘူတာ သွားဆိုက်မယ်၊ နိဗ္ဗာန်နဲ့တူတဲ့ ရန်ကုန်ဘူတာသွားပြီးမဆိုက်ပေဘူးလား။

## ဘုန်းကြီးပြောတာ ကြပ်ကြပ်ရှု

အဲဒီတော့ အဲဒါ လိုက်မနေနဲ့ ဘုန်းကြီးပြောတာ ကြပ် ကြပ်ရှု၊ ရှုရင်းမဂ္ဂနဲ့ ဖြစ်ပျက်ဆုံးပြီးတော့ ဝိပဿနာမဂ်ချုပ်ပြီး လောကုတ္တရာမဂ်က ဝင်မယ်. . . (တင်ပါ)၊ ဘာမှ ခင်ဗျားတို့ သံသယမရှိနဲ့၊ ဘယ်သူက ဘာပြောပြော မယုံနဲ့၊ ကိုယ်က မိုင် တိုင်မှတ်တာကို ရှင်းမနေနဲ့၊ အရှင်သာရိပုတ္တရာပင် ရေးရေးမြင် တယ်၊ သူက မျက်လုံးကောင်းတဲ့လူဆိုတော့ မိုင်တိုင်မြင်တာပေါ့၊ ကျုပ်တို့က မျက်လုံးကောင်းတဲ့လူလို့ ဆိုမလား၊ ဘုန်းနဲ့စာတော့. .

(မဆိုနိုင်ပါ) ဉာဏ်သေးသိမ်တဲ့လူ ကျုပ်တို့သည် မှတ်တိုင်တွေ မမြင့်နိုင်ဘူး။ အစ, အလယ်, အဆုံး မြင်နိုင်တာမှ မဟုတ်ဘဲ၊ ရထားတွဲထွက်တော့ အစမြင်တယ်၊ ရထားရပ်တော့ ဒီမိုင်တိုင် ရောက်လာပြီကိုး၊ ရထားစီးချင်းက မတူဘူး၊ မျက်လုံးကောင်းနဲ့ မျက်လုံးမွဲကရှိသေးတယ်၊ မရှိဘူးလား. . . (ရှိပါတယ်)။

## ရှင်သာရိပုတ္တရာ၏ ဉာဏ် (၁၆) ပါး

အဲဒီအတိုင်း ရှင်သာရိပုတ္တရာက မျက်လုံးကောင်းနဲ့ ရထားစီးသွားတဲ့ လူတစ်ယောက်က မိုင်တိုင်တိုင်း မှတ်မိဖို့ ဉာဏ် ၁၆-ပါးကွ၊ သူလုပ်တာ၊ ဘုရားက ဟာကွာ. . . အရှင်သာရိပုတ္တ ရာက သူ ဉာဏ်ကျယ်လို့ မှတ်တာပါ၊ ငါကတော့ အားလုံးနဲ့ ဆိုင်တာကို ပြောရမယ်ဆိုရင် သုံးဉာဏ်ပဲရှိတယ်၊ ဖြစ်ပျက်မြင်တဲ့ ဉာဏ်ရယ်၊ ဖြစ်ပျက်မုန်းတဲ့ဉာဏ်ရယ်၊ ဖြစ်ပျက် အဆုံးမြင်တဲ့ ဉာဏ်ရယ်၊ တော်ပြီ. . . အနတ္တလက္ခဏာသုတ်မှာ ဒါဟော တယ်၊ သံယုတ်တစ်ကျမ်းလုံးမှာလည်း ဒါပဲဟောတယ်၊ ရှင်းပြီ လား။

## အများအတွက်က ဉာဏ် (၃)ပါး

ဒါဖြင့် ခင်ဗျားတို့ကိုပေးလိုက်တာ ဘယ်နှစ်ဉာဏ်ပေး လိုက်သလဲ၊ 'သုံးဉာဏ်' ဖြစ်ပျက်မြင်တဲ့ဉာဏ်၊ အဲဒါဟာ ယထာ

ဘူတဉာဏ်လို့ မှတ်လိုက်၊ နောက် ဒီဖြစ်ပျက်တွေကို ရှုမြင်ဖန်များ လို့ မုန်းတဲ့ဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်လို့ မှတ်လိုက်. . . (တင်ပါ့) ဟုတ်လား . . . နောက်ဖြစ်ပျက်တွေကတော့ မုန်းရင်းမတ္တနဲ့ မလိုချင်လို့ ဆုံးသွားတဲ့အခါကျလို့ရှိရင် ဒီမင်္ဂဉာဏ် ပေါ်လာတယ်၊ ဒါဖြင့် မလိုချင်တဲ့ဉာဏ်က ဘာဉာဏ်ခေါ်သလဲ (မဂ်ဉာဏ်ပါ) မလိုချင်တဲ့ဉာဏ်ဆိုတာ ဒီခန္ဓာဆုံးသွားလို့ရှိရင် လိုချင်စရာ ရှိသေးသလား . . . (မရှိပါ) မရှိတော့ ဘာခေါ်ကြသလဲ . . . (မဂ်ဉာဏ်) မဂ်ဉာဏ်၊ ဒီသုံးဉာဏ်ပဲ ဘုရားက ဟောတယ်၊ သဘောပါသလား။

## ငြိမ်းအေး့တာနဲ့ မရပ်နဲ့ဦး

ဒါ အလုပ်စဉ် ဟောလိုက်တယ်နော်၊ ဒါဖြင့် ဒီပြင်ဟာ တွေကတော့ ဉာတပရိညာတော့ ဟောလို့ သိပြီးသားပဲ၊ သိပြီးသားပဲ၊ နာမ်ရုပ်ဆိုတာလည်း သိပြီးသားပဲ၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆိုတာလည်း သိပြီးသားပဲ၊ ခင်ဗျားတို့ ကျုပ်တို့ဟာ ဖြစ်ပျက်စ, တွေ့ဖို့ အရေးကြီးတယ်၊ ဖြစ်ပျက်ကစ, တွေ့ပြီဘုရားဆိုရင် အို . . . ဦးသံဒိုင် ကိုထွန်းရင် တွေ့ရုံနဲ့ မပြီး ဘူး၊ ငြိမ်းအေး့လာအောင်ပဲ ရှု၊ ဆက်မရှုရဘူးလား . . . (ရှုရ ပါတယ်) ဟော့ . . . ငြိမ်းအေး့ပြီလား. . . ငြိမ်းအေး့တာနဲ့ မရပ်နဲ့ဦး ကိုထွန်းရင်ရဲ့ ငြိမ်းအေး့ တယ်ဆိုတာက ဒီသားမယားနဲ့ မပေါင်း

ချင်ဘူးသာ သူပြောနေတယ်၊ အိမ်ကဆင်းတာ မဟုတ်သေးဘူး . . . (တင်ပါ့ဘုရား)။

ဒီသားမယားနဲ့ မပေါင်းချင်ဘူး၊ အိမ်ကဆင်းပြီလား . . . (မဆင်းသေးပါ) မဆင်းသေးရင် မပြတ်သေးဘူး၊ ရုပ်မနေနဲ့ ပြတ်ပြီလား . . . (မပြတ်သေးပါ) မပြတ်သေးဘူး . . . ပြတ်မှ ဆင်းမှာပါ၊ ပြတ်မှ သမုဒယ ကုန်မှာပဲ၊ အဲဒီတော့ကိုတဲ့၊ ကဲ . . . အိမ်ပေါ်ကဆင်းတော့မယ်၊ မင်းကို ငါမပေါင်းတော့ဘူး၊ ပစ္စည်း လည်း မင်းကြိုက်တာသုံးပြီး ယူရစ်တော့၊ အိမ်ရော၊ တိုက်ရော ကားရော ယူရစ်တော့ဆိုပြီး ဆင်းသွားမှသာ ဒီမိန်းမ၏ တာဝန် ခင်ဗျားဟာနက်ကျမယ်၊ မကျဘူးလား . . . (မှန်ပါ့ဘုရား)။

## မတုန်လှုပ်တဲ့ဉာဏ်မှ မဂ်ဉာဏ်

နောက်တော့ ဒီဒကာမက ဘယ်သူနဲ့ ပေါင်းသင်းလို့ ဘယ်သူနဲ့ ဆက်ဆံတယ်ဆိုရင် ခင်ဗျားက တုန်လှုပ်သေးရဲ့လား . . . (မတုန်လှုပ်ပါဘုရား) အဲဒီ မတုန်လှုပ်တဲ့ဉာဏ်မှ မဂ်ဉာဏ်၊ ပေါ်ပြီလား၊ ရှင်းပြီနော်၊ ဒါဖြင့် ဖြစ်ပျက်မြင်တဲ့ဉာဏ်က ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်းတဲ့ဉာဏ်က နိဗ္ဗိန္ဒဉာဏ်၊ ဖြစ်ပျက် ကို မလိုချင်လို့ ချုပ်ဆုံးသွားတဲ့ဉာဏ်က မဂ်ဉာဏ်၊ မဂ်ဉာဏ်ပါ၊ ဖြစ်ပျက်ချုပ်ဆုံးသွားတဲ့ဉာဏ် မဂ်ဉာဏ်လို့မှတ်လိုက်၊ ဒါပဲရှိတယ်၊ ကဲ. . . ကြိုးစားပါ၊ သဘောကျပလား။

## ဒိသံုးဉာဏ်အဆံုးမှာဘယ်လိုဖြစ်မလဲ

ဒီဉာဏ်သုံးဉာဏ်အဆုံးမှာ တပည့်တော် ဘယ်လိုဖြစ်မလဲလို့ မေးဖို့မလိုဘူးလား၊ ဖြစ်ပုံက "ပဏ္ဏာသ" က ပြောတယ်၊ ဥပရိပဏ္ဏာသက ဆုံးတဲ့အခါ ခန္ဓာကိုယ် နေပုံ ထိုင်ပုံကို သူက ဥပမာပြတယ်နော် (မှန်ပါ့) အဆုံးမြင်တဲ့ပုဂ္ဂိုလ် ဖြစ်ပျက်တွေ ဆုံးသွားတော့ မြင်တော့ မဂ်ဉာဏ်ကပေါ်မလာဘူးလား. . . (ပေါ်လာပါတယ်) မဂ်ဉာဏ်ပြီးတော့ ဦးသံဒိုင် ဖိုလ်ဉာဏ်ရော မလာပေဘူးလား (လာပါတယ်) ဖိုလ်ဉာဏ် နှစ်ကြိမ် သုံးကြိမ် လာမယ်၊ ပစ္စဝေက္ခဏာဉာဏ်က အကြိမ်များစွာ လာမယ်၊ မလာပေဘူးလား (မှန်ပါ့ဘုရား) ဒီဉာဏ်တွေလာတော့ နေရထိုင်ရတာ ဘယ်လိုနေမတုံးဆိုတော့ကွာ. . . အရင်တော့ ကိလေသာရှိတော့ ကိလေသာပူတွေက လောင်နေတော့ ခန္ဓာကိုယ်က အေးချမ်းတယ်လို့ ဘယ်တော့မှမရှိဘူး။

## ဒီဉာဏ်တွေလာတော့ ဘယ်လိုနေသတုံး

ဒီဉာဏ်တွေပေါ်လာပြီဆိုမှဖြင့် ညဉ့်သိပ်ရေကို အင်မတန်ပူနေတဲ့အချိန်မှာ လောင်းလိုက်ရသလိုပေါ့လေ၊ အေးထွက်သွားတာတဲ့၊ သဘောကျပလား၊ အဲဒီထိအောင် ခင်ဗျားတို့ရောက်ရမယ်၊ အဆုံးမြင်ရင်, အဆုံးမြင်ရင် မြင်ပုံနဲ့တကွပြတာမရှင်းသေးဘူးလား၊ ဪ မဂ်ရတာ မဂ်ရလို့ ဘယ်လိုများ

ပေါ် မှာပါလိမ့်မလဲဆိုရင် ရေအေးအိုးတစ်ထောင်နဲ့လောင်းသလို ခန္ဓာကိုယ်ထဲမှာ အေးစိမ့်ပြီးသကာလ သွားဘိသကဲ့သို့ တကယ် ရေအေးသလိုတော့ မဟုတ်ဘူးပေါ့လေ (မှန်ပါ့ဘုရား)။

## ပေါ့ပါးပြီးအေးနေတယ်

ပေါ့ပါးပြီးအေးနေတယ်၊ ဒါမဂ်ဉာဏ်ပေါ်ပြီအောက်မေ့၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ပေါ်ပြီ၊ တားထားလို့ရသလား (မရပါဘုရား) နောက်ပြီးမဂ်တစ်ကြိမ်လာတယ် ဖိုလ်ကလည်း တစ်ကြိမ် နှစ်ကြိမ်၊ ကျင့်နိုင်တဲ့ပုဂ္ဂိုလ် သုံးကြိမ် ပစ္စဝေက္ခဏာဉာဏ်က အရေအတွက်မရှိဘူး မဟုတ်လား. . . (ဟုတ်ပါတယ်) အဲဒါတွေ လာနေလို့ရှိရင် ဒီကိလေသာတွေကြားမှာ ကိလေသာတွေပါသေးရဲ့လား (မပါ,ပါဘုရား)။

ဒါဖြင့် ခန္ဓာနဲ့ဉာဏ်နဲ့ချည်း မနေဘူးလား (ခန္ဓာနဲ့ဉာဏ်နဲ့ နေပါတယ်) ခန္ဓာနဲ့ဉာဏ်နဲ့ချည်းနေတော့ ခင်ဗျားတို့ လေးနေတာ

ကိလေသာကြောင့်လေးနေတာ၊ ပူနေတာကရော. . . (ကိလေသာကြောင့်ပူနေတာပါ) လေးနေတာကရော (ကိလေသာကြောင့်ပါ)၊ လေးနေတာ ကိလေသာကြောင့်ပါ၊ ဒါဖြင့် ပေါ့လည်းပေါ့နေမယ်၊ အေးလည်းအေးရ မယ်၊ အခုပေါ် လာပြီ၊ ဖြစ်ပျက်အဆုံးမြင်လို့ရှိရင် ခန္ဓာကိုယ်လည်း ပေါ့ရမယ်. . . . (မှန်ပါ့) အားလုံးရင်ထဲမှာလည်း အေးရမယ်၊ သဘောကျပြီလား (တင်ပ့ါ)။

ဒါဖြင့် ခင်ဗျားဝေဒနာနဲ့ မကိုက်ဘူးလား. . . (ကိုက်ပါတယ်) လုပ်ရင်လည်းအသက်ရှည်မယ် (ရှည်ပါစေဘုရား) ရှည်ပါစေဆိုတာ ခင်ဗျားမေတ္တာပို့လို့မရဘူး၊ သဘော ကျပလား၊ ရှည်ပါစေဆိုတဲ့ မေတ္တာပို့လို့မရဘူး၊ ကိုယ့်ဟာကိုယ် လုပ်ယူရမယ်. . . (တင်ပါ့) လောကွတ်မလုပ်နဲ့မရဘူး၊ သူ့ဒီ ဟာအမျှပေးလို့ ရတဲ့တရားမဟုတ်ဘူး၊ ရပ့ါမလား. . . (မရပါဘုရား)။

## သူရတဲ့မဂ်ကိုပေးလို့မရဘူး

ယခုတင်ကပြောတဲ့ ခုတင်ကပြောတဲ့ရာဟုလာ ထမ်းမခေါ်နိုင်ဘူး၊ သူရတဲ့မဂ်ကို ပေးလို့မရဘူး၊ ရိပ်မိပလား၊ အဲဒါကိုထွန်းရင်က ရှည်ပါစေဘုရားလို့လုပ်မနေနဲ့၊ သူ့ဟာသူလုပ်ယူ ခင်ဗျားကရော. . . (တပည့်တော်ဟာတပည့်တော်လုပ်ယူပါ့မယ်) ခင်ဗျားဟာခင်ဗျားလုပ်ယူ၊ ဘယ်သူ့ဘယ်သူမှကူလို့မရဘူး၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို အမျှပေးလို့မရဘူး၊ ဒီပြင် ဒါနကံ၊ သီလကံကို အမျှပေးလို့ရတယ်။

ခင်ဗျားတို့ ဘာဖြစ်ဖြစ် အမျှယူ ချင်လို့ ဘယ်ဖြစ်မလဲ အမျှပေးလို့ရတဲ့ကုသိုလ်၊ အမျှပေး လို့မရတဲ့ကုသိုလ်ရယ်လို့ ရှိသေးတယ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ကုသိုလ်တွေကျတော့ ခင်ဗျားတို့ ဘယ်သူ့ကိုမှအမျှ ပေးလို့မရဘူး၊ အမျှပေးလို့ရရင် ဟိုပုဂ္ဂိုလ် သောတာပန်တည်လို့ရမယ်၊ မတည်ပေဘူးလား

ဒီပြင်ကုသိုလ်က အမျှပေးလို့ရတယ်၊ သူရောရရဲ့လား၊ (မရပါ ဘုရား)။

## ကိုယ့်မင်္ဂလာကိုယ်အားကိုးပါ

ဒီလိုခွဲပြပေးမှ. . . ဒါကြောင့် ဘုရားက "အတ္တာဟိအတ္တ နောနာထော" သူ ဟောတာပဲ၊ ကိုယ့်မင်္ဂလာ ကိုယ်အား ကိုယ်ကိုးကြကွ၊ ရှင်းပြီလား. . . (သာဓု) ဟေ့. . . သာဓုခေါ် မနေနဲ့ဦး၊ လုပ်ယူလို့ရမှ ကိုယ့်ကိုယ်ကို ဝမ်းသာလို့ သာဓုကို ခေါ်ပါနော်. . . (နှုတ်ကျိုးနေလို့ပါဘုရား) နှုတ်ကျိုးနေလို့။

ကဲ. . . ဒါဖြင့် အကယ်၍ ဒါကဝိဇ္ဇာဥဒပါဒိ၊ အာလော ကော ဥဒပါဒိခေါ်ကြစို့၊ မပေါ်သေးဘူးလား၊ အကျင့်ကျင့်တဲ့ ပုဂ္ဂိုလ်က ဝိဇ္ဇာဖြစ်တာပေါ့ကွာ၊ အာလောကောရော (ပေါ်ပါ တယ်) ဉာဏ်ရော. . . ဉာဏ်ရော ပေါ်ပြီ၊ ငါးချက် အကုန်ပေါ်ပြီ ဆိုတော့၊ ဒါကြောင့် ဘုရားဟောတာ အဲဒါသောတာပန် တည်တယ်လို့ဟောတာ။

နောက်ငါးရက်မှာ အနတ္တလက္ခဏသုတ် ဟောမှ ပဉ္စဝဂ္ဂီဟာ အားလုံးရဟန္တာဖြစ်ကုန်တာ၊ ဒါကြောင့် ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါမိ၊ ဉာဏံဥဒပါဒိ၊ ဆိုတာက သောတာပန် အတွက်ဟောတာ၊ ပေါ်ပြီလား၊ ပေါ်ပြီနော်၊ ဒါဖြင့်နေရာ ကျပါပြီကွဲ၊ ခင်ဗျားတို့ အလုပ်,လုပ်တတ်ပလားလို့ မေးလိုက်

တယ်၊ ဦးသံဒိုင်ရော လုပ်တတ်သေးရဲ့လား၊ တိတိကျကျ တစ်ခုခုတော့ လုပ်ရလိမ့်မယ်ဆိုတော့ ကျုပ်ယခုရှင်းပြမယ်၊ ခန္ဓာငါးပါးရှိတယ်နော်. . . ခင်ဗျားက တဏှာစရိုက်လား၊ ဒိဋ္ဌိစရိုက်လား၊ ဘုန်းကြီးကသိတယ်၊ အကဲခတ်ကြည့်တယ်၊ သူယခုအခါမှာတော့ဖြင့် ဘယ်သူ့မှ ငါ့ကိုယ်ကို၊ ငါ့ဟာ၊ ငါ့ဉစ္စာ ရယ်လို့မထားတော့၊ မထားဘူးဆိုတော့ ဒိဋ္ဌိက ပါးနေပါတယ်။ ယခုအချိန်မှာ ဒိဋ္ဌိဘယ်လိုပါလာသလဲဆိုတာကို မေးဖို့မလိုဘူး လား (မှန်ပါ့ဘုရား)။

## ဒိဋ္ဌိစရိုက်ရှိရင်စိတ္တာနုပဿနာပေး

နေ့လား၊ ညဉ့်လား သေမလားမသိဘူး. . . . (တင်ပါ့) ဒါကလေးက ဒိဋ္ဌိသတ်တယ်၊ အကြမ်းသတ်တယ်၊ အမြစ်ဘယ် သူဖြစ်သတုံး၊ သို့သော် လူမှာ ဒိဋ္ဌိစရိုက်ရှိတဲ့လူ၊ စိတ္တာနုပဿနာ ပေးရတယ်နော်. . . တဏှာစရိုက်ရှိတဲ့လူ ဝေဒနာနုပဿနာပေး ရတယ်၊ သဘောကျပလား (ကျပါပြီ) ဒါမှတ်ထားဦး၊ နို့မဟုတ်ရင် ကမ္မဋ္ဌာန်းနဲ့လူနဲ့ မတည့်ရင်လည်းကြာနေဦးမယ် (တင်ပါ့) မကြာပေဘူးလား (ကြာပါတယ်) ဒိဋ္ဌိစရိုက်ရှိတဲ့လူဖြင့် စိတ္တာနု ပဿနာရှုရမယ်၊ ဒိဋ္ဌိစရိုက်ရှိရင် ဘာရှုရမလဲ. . . (စိတ္တာနု ပဿနာရှုရမယ်)၊ တဏှာစရိုက်ရှိရင်ရော. . . (ဝေဒနာနုပဿနာ ရှုရမယ်)၊ ဝေဒနာနုပဿနာရှုရမယ်နော်။

## ရာဂစရိုက်ရှိရင်ကာယာနုပဿနာ

ပညာစရိုက်ရှိတဲ့ပုဂ္ဂိုလ်ကကျတော့ ဓမ္မာနုပဿနာရှု ရမယ်၊ ရာဂစရိုက်ရှိတဲ့ ပုဂ္ဂိုလ်က ကာယာနုပဿနာရှုရမယ်၊ ဒီ အစဉ်ကလေးသိဦးမှ ရောက်လာလို့ကမ္မဋ္ဌာန်းချည်းပေးလို့ ချော်နေမယ်၊ မချော်ဘူးလား (ချော်ပါတယ်ဘုရား) ရှင်းပြီလား။

## တဏှာစရိုက်ရှိရင် ဝေဒနာနုပဿနာ

အဲဒီတော့ဦးသံဒိုင်ပေးရမယ့် တရားနဲ့ ကိုထွန်းရင်ပေး ရမယ့်တရားဟာမတူဘူး၊ သူကတဏှာစရိုက်ရှိတယ်၊ ကဲ. . . ဒါဖြင့် ဒိဋ္ဌိစရိုက်ရှိတဲ့ပုဂ္ဂိုလ်ဟာ စိတ္တာနုပဿနာရှုပါ၊ တဏှာ စရိုက်ရှိတဲ့ ပုဂ္ဂိုလ်က ဝေဒနာနုပဿနာရှုပါ။ ဒီနှစ်ခုပဲပေး ထားတယ် . . . (တင်ပ့ါ)၊ ခင်ဗျားက ဘာယူမလဲ၊ တဏှာ. . . (ဝေဒနာရှုရပါမယ်) ဝေဒနာရှုရမယ်၊ ခင်ဗျားကတော့ကို စိတ္တာ နုပဿနာနဲ့ကိုက်တယ်၊ စိတ္တာနုပဿနာနဲ့မှ သဘောကျပြီနော်။

## ကမ္မဋ္ဌာန်းလွဲနေရင်မရဘူး

ကောင်းပြီ၊ ကမ္မဋ္ဌာန်းပေးတော့မယ် ခင်ဗျားတို့ကို (မှန်ပ့ါ ဘုရား)၊ ဩော်. . . မတူပါလားဆိုတာ သေချာပြီလား (သေချာ ပါပြီ)၊ ရမ်းပြီး ဆရာကို မှီဝဲလို့မရတော့ဘူး၊ မချိန်တတ်တဲ့ဆရာနဲ့ ဆိုရင် ကိုယ်တစ်သက်လုံးလုပ်လို့မရလား မရပါဘူး၊ စရိုက်နဲ့

ကမ္မဋ္ဌာန်းလွဲနေမယ်၊ (တင်ပွါဘုရား) စရိုက်နဲ့ကမ္မဋ္ဌာန်း လွဲနေရင် မရဘူး. . . ဆေးမှားထိုးသလို အဲဒီအတိုင်းဖြစ်နေမှာပဲ၊ ဆေးမှား ထိုးရင် အဖုအပိန့်တွေထွက်လာရုံပဲရှိမယ်၊ တစ်နည်းအားဖြင့် အကြောဆေးအသားထဲဝင်ရင်သေမယ်၊ မသေပေဘူးလား. . . (တင်ပွါဘုရား) ဒီလိုကွာတယ်၊ ကျုပ်ဝတ္ထုတိုကလေး တစ်ပုဒ်ပြော ပြမယ်။

## ပန်းတိမ်သည်သား

အရှင်သာရိပုတ္တရာ ဆွမ်းခံတဲ့အိမ်မှာ တစ်နေ့အရှင်သာ ရိပုတ္တရာက မိမိရဲ့ဆွမ်းခံအိမ်မှာ သားကလေးတစ်ယောက်ရှိ တယ်၊ ပန်းတိမ်သည် အိမ်မှာ သားကလေးတစ်ယောက်ရှိတယ်၊ အရှင်သာရိပုတ္တရာက ဆွမ်းခံလာရင်း တရားကလေးတစ်လုံး တို့ပေးလိုက်၊ နှစ်လုံးတို့ပေးလိုက်နဲ့ တရားကလေးထည့်ခဲ့တယ်။

## သင်္ကန်းဝတ်ပေးတယ်

ဒါနဲ့တပည့်တော်ဘုရား. . . အရှင်ဘုရားတို့ တရားနာ လို့ တပည့်တော် သာသနာ့ဘောင်ကို ဝင်ချင်တယ်၊ လူအဖြစ် မနေချင်တော့ဘူး "သားကလေးက" သားကလေးက စိတ် ပြောင်းသွားတယ်၊ အေး. . ဝတ်ကွ၊ အရှင်သာရိပုတ္တရာက သင်္ကန်းဝတ်ပေးတယ်၊ အရှင်သာရိပုတ္တရာကျောင်းမှာပဲ ဒီသား

ကလေးကနေတယ်၊ ဝါတွင်းသုံးလ ကမ္မဋ္ဌာန်းပေးတယ်၊ အာနာပါနတွေချည်းပဲပေးတယ်။

## ဝါတွင်းသုံးလကမ္မဋ္ဌာန်းပေးတယ်

နောက်တစ်လလောက်ရှိတော့ အရှင်သာရိပုတ္တရာက ငါ့ရှင် ဘယ့်နှယ်လဲ၊ ဘယ်လိုများထင်နေသလဲပြောစမ်း၊ ဘာမှမထင်ပါဘူးဘုရား၊ ကွာ. . ရှုဦးကွာ၊ အရှင်သာရိပုတ္တရာက ပြောတယ်၊ နောက် ဝါခေါင်လကုန်သွားတယ်၊ ဝါတွင်းနှစ်လကုန်သွားပြီဆိုကြစို့၊ ဘယ့်နှယ်နေသလဲကွာ၊ ငါ့ရှင်ဘယ့်နှယ်မှမနေဘူး၊ ငါ့ရှင်အားထုတ်ဦးကွာ၊ ဒါပဲ အာနာပါနကို သီတင်းသာကျွတ်တယ် ဘာမှမထင်ဘူး၊ ကာယာနုပဿနာပေးကြည့်တယ်။

## ဘုရားကျောင်းတော်သွားကြတယ်

ဒါနဲ့အရှင်သာရိပုတ္တရာစိတ်ပျက်တယ်၊ မင်းဟာငါချွတ်လို့မရဘူး၊ ပညာအရာမှာ တေဒဂ်ရတယ် (တင်ပါ့ဘုရား)။ ချော်နေတာ၊ ချော်နေပုံကို ပြောပါတယ်၊ ဒါနဲ့ မင်းဘုရားချွတ်မှ ရမယ့်အကောင်ပါပဲ၊ ဘုရားဝေနေယျဆိုပြီး၊ ဘုရားဆီပို့တယ်၊ ပန်းတိမ်သည်သားနဲ့ အရှင်သာရိပုတ္တရာနဲ့ ဘုရားဆီ သာဝတ္ထိပြည်ဇေတဝန်ကျောင်းကို သွားကြတယ်ပေါ့လေ. . . (မှန်ပါ့ဘုရား)။

ဘုရားကပြုံးတယ်၊ ပြုံးတာကတခြားကြောင့် ပြုံးတာ မဟုတ်ဘူး၊ အရှင်သာရိပုတ္တရာခြေချော်မိပြီဆိုတာ သိတယ်၊ အရှင်သာရိပုတ္တရာချော်နေတယ်၊ ရိပ်မိပလား၊ ကမ္မဋ္ဌာန်းပေးလွဲနေတယ်၊ ပေးရမှာက သူ့ကို ပေးရမှာက သူက အလှကြိုက်ကလေး၊ ကမ္မဋ္ဌာန်းဆိုတာဆန့်ကျင်ဘက်ပေးရတယ်၊ အသုဘကို ပေးရမယ်၊ ပျက်စီးတာကိုပေးမှ သူကရမယ်၊ သူကပျက်စီးတာ ပေးတာမှ မဟုတ်ပဲ၊ ရှုဟယ်၊ ရှုက်ဟယ်လုပ်နေတာကိုး။

## ဒီဆရာကိုမမှီဝဲနဲ့တဲ့

အဲဒါကြောင့် ကမ္မဋ္ဌာန်းကို စရိုက်မရွေးဘဲ ပေးလို့ရှိရင် ဒီဆရာကို မမှီဝဲနဲ့တဲ့၊ မကိုက်ဘူးတဲ့၊ ကိုက်ပါ့မလား. . (မကိုက်ပါဘုရား)၊ အဲဒါနဲ့ ဘုရားကပြုံးတယ်၊ သူတို့တပည့်ကလေးခေါ်လာတယ်၊ ဘုရားကသိပြီ၊ အရှင်သာရိပုတ္တရာကြီးခြေချော်နေပြီကွ၊ ဟော့. . . မင်းတပည့်အပ် လာသလားလို့ ဒီလိုမေးတာကိုး၊ ဟုတ်ပါတယ်ဘုရား၊ တပည့်တော်ဝါတွင်းသုံးလပတ်လုံး ကမ္မဋ္ဌာန်းတွေပေးလာတာ ဘာမှအဖြေမပေါ်ဘူးဘုရား၊ ဝါတွင်းသုံးလဆိုရင် ရဟန္တာဖြစ်လောက်ပါပြီ၊ တကယ့်သံဝေဂနဲ့ဝင်လာတယ်၊ ဒီကမ္မဋ္ဌာန်းဆရာချော်နေလို့ဖြစ်ရမယ်၊ မနာဘူးလားကွ . . . (နာပါတယ်၊ သုံးလနာပါတယ်)၊ သုံးလတောင်ပဲရှိပြီ၊ ဒီကြားသေရင်မခက်ဘူးလားကွ၊ အဲဒီတွင်မှ အရှင်သာရိပုတ္တရာကို ကဲ-

မင်း တပည့်ကလေးထားခဲ့ကွာ. . . မင်း ပြန်သွားတော့ သိပြီပေါ့ ဘုရားကပြီးတော့ မင်းညနေတစ်ခေါက်လာဦး . . . ညနေလွှဲ လိုက်တယ်၊ မနက်သွား ညနေကျွတ်မှာကိုး . . . တည့်တည့်ကြီး ဘုရားကပြောလိုက်တယ်။

## လှပေ့ဆိုတဲ့ပဒုမ္မာကြာဖူးကြီး

ဒါနဲ့ဘုရားကသိတယ်၊ စေတောပရိယဉာဏ်နဲ့ ဣန္ဒြေ ရင့်မရင့်ကိုသိတယ်၊ ဒိဗ္ဗစက္ခုနဲ့ နောက်ကြောင်းကို ကြည့်တယ်၊ ပုဗ္ဗေနိဝါသာနိဿတိနဲ့ ရှေ့ကြောင်းကိုကြည့်လိုက် တယ်၊ ပန်းထိမ်သည်ဘဝချည်းငါးရာဖြစ်တယ်၊ ပန်းထိမ်ချည်း လုပ်စား လာတာ ငါးရာ၊ ပန်းထိမ်ဆိုတာသူများကို လှအောင် လုပ်ပေးပါ ဆိုတာကို လှသည်ထက်လှအောင်လုပ်ပေးတယ်ဆိုရင် ဒီပန်းထိမ်ဖိုဟာနာမည်ကြီးတာပဲ၊ မကြီးဘူးလား၊ သူက အလှကြိုက်၊ ဒီအလှကြိုက်ကို မဖျက်လို့မရဘူး၊ အလှကြိုက်ကို ဖျက်ပြီးသကာလ အာနာပါနနဲ့ တခြားစီဖြစ်နေတယ်၊ ဒီတွင်မှ ဘုရားက တန်ခိုးနဲ့ သဲပုံကြီးကို ဖန်ဆင်းလိုက်တယ်၊ ဖန်ဆင်း ပြီးအပေါ်မှာ ပဒုမ္မာကြာလှပေ့ဆိုတဲ့ ပဒုမ္မာကြာဖူးကြီးကို ဖန်ဆင်းလိုက်တယ်၊ အဲဒီကြာဖူးကို သာသွားကြည့်နေ၊ သွား. . ရဟန်းလေး အဲဒီကြာဖူးကြည့်နေ။

## မင်းခန္ဓာလည်းဒီအတိုင်းပဲ

ဩော်. . . ကြာဖူးက မနက်သိပ်လှနေတယ်၊ သူ့အကြိုက်ချည်းဖြစ်နေတယ်၊ နောက် နေလည်းရင့်လာရော ကြာဖူးကလေးက အချပ်ကလေးတွေ တလန်လန် လန်လန်လာပြီး ပျက်စီးသွားတယ်၊ အလှပျက်တယ်၊ နောက်အလှပျက်ရုံမကပါဘူး၊ ခုနင်ကလိုအလှပျက်ရုံတင် မဟုတ်ဘူး၊ နောက်ကျတော့ အနိစ္စပါပြတယ်၊ ကြွေကြွေ, ကြွေကြွေပြတယ်၊ ဒီတွင်မှ ဘုရားက မင်းခန္ဓာလည်း ဒီအတိုင်းပဲ ပြန်ကြည့်စမ်းဆိုပြီးတော့ ခန္ဓာပြန်ကြည့်ခိုင်းတယ်၊ ညနေကျတော့ ၄,မဂ်ရပြီး ရဟန္တာ ဖြစ်သွားတယ်။

## ညနေမှာရဟန္တာဖြစ်သွားတယ်

ကမ္မဋ္ဌာန်းအပေးလွှဲသွားတယ်၊ ဒီတွင်မှ အရှင်သာရိပုတ္တရာကို မင်းညနေလာခဲ့ဆိုထားတော့ အရှင်သာရိပုတ္တရာက ညနေလာတယ်၊ လာတော့ရဟန္တာဖြစ်မှန်းသူသိတယ်. . . (သိရပါတယ်ဘုရား) သိပြီ၊ ကဲ. . . ဆရာလွှဲလို့ရှိရင် ဘယ်လောက်နာသလဲ၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)၊ ကောင်းပြီ၊ ဒါဖြင့်ခင်ဗျားက ဝေဒနာနုပဿနာအားထုတ် (တင်ပ့ါ) ဦးသံဒိုင်က စိတ္တာနုပဿနာအားထုတ်၊ သဘောကျပြီလား၊ ခင်ဗျားက ဘာအားထုတ်ရမလဲ . . (ဝေဒနာနုပဿနာ)၊ ကဲ. . . ခင်ဗျားက

ရော ဘာအားထုတ်ရမလဲ. . . (စိတ္တာနုပဿနာ) ကဲ. . ပေးမယ် ကျုပ်၊ သို့သော် ယခုမပေးသေးဘူး၊ အခုမပေးသေးဘူး၊ အခုဒီဟာ ကိုလုပ်နည်း, ကိုင်နည်း၊ သစ္စာလေးပါးတရားတွေအကုန် မြင် နည်းကိုပြမယ်၊ လုပ်တော့ကို တရားရှာနေဖို့ မလိုတော့ဘူး၊ သူ့ညာဏ်နဲ့သူတက်မယ်၊ ကိုင်း. . . ဒါဖြင့် လူမိုက်နဲ့ လူလိမ္မာထူးပြီ လား. . . (ထူးပါပြီဘုရား)။

## လူလိမ္မာကအလင်းရတယ်

လူလိမ္မာက အမှောင်ထဲကလာပြီး အလင်းရတယ်ဗျ၊ သဘောကျပြီးလား၊ ဝိဇ္ဇာဥဒပါဒိ, အာလောကောဥဒပါဒိဖြစ် တယ်၊ မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်) လူမိုက်ကအမှောင်ထဲမှ လာပြီးသကာလ တဏှာ, ဥပါဒါန်, ကံ, အဝိဇ္ဇာ, သင်္ခါရအမှောင် တွေကို ပြန်လာတယ်၊ ဇာတိ, ဇရာ, မရဏ မလာဘူးလား လူမိုက် က. . . (လာပါတယ်ဘုရား) ဒါဖြင့် ဒီအမှောင်က လာပြီးတော့ ဒီအမှောင်ကို ပြန်မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား) ဒီအမှောင်ထဲမှာရော မမွေးဖွားဘူးလား. . . (မွေးပါတယ်) ဒါဖြင့် ဒီအမှောင်ထဲကိုပဲ သွားဦးမှာပဲ၊ သူက အမှောင်ထဲကလာပြီး အမှောင်ထဲပဲသွားဦးမှာပဲ၊ လူလိမ္မာက အမှောင်ထဲကလာပြီး အလင်းရတယ်၊ သူကတော့ "စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ ပညာဥဒပါဒိ" ဘာတုံးဆိုတော့ ဒီခန္ဓာငါးပါး

ကို ဝိပဿနာဉာဏ်တည်းဟူသော အလင်းရောင်နဲ့စရှုလို့ မဂ် တည်းဟူသော အလင်းရောင်ကို ရသွားတယ်၊ သဘောကျ ပြီလား။

## မဂ္ဂင်ငါးပါးကိုပွားများရမယ်

အဲဒီတော့ ဦးသံဒိုင်တို့ စာလေးဘာလေးလဲ ကြည့်ထား တော့ ကျုပ်က ရှင်းအောင်ပြောလိုက်မယ်၊ ဘာဝေတဗ္ဗကိစ္စဆို တာက ဟောဒီသောတာပတ္တိမဂ်ကိုဆိုတာ မဟုတ်ဘူး၊ ရှင်းပြီ လား၊ ဟောဒီပုဗ္ဗဘာဂမဂ်ကိုဆိုတာပါ၊ မဂ္ဂင်ငါးပါးကိုဆိုတာပါ၊ မဂ္ဂင်ငါးပါးဆိုတာ၊ မှတ်မိပြီလား. . . (မှတ်မိပါပြီ) ပွားများရမှာက ဘာတုံး၊ မဂ္ဂင်ငါးပါး၊ မဂ္ဂင်ငါးပါးကို ပွားများတဲ့အခါကျတော့ မဂ္ဂေါဘိညာသကိံမတာဆိုတော့ မဂ်က တစ်ကြိမ်သာပေါ် ရမယ်၊ နှစ်ကြိမ်ပေါ် နိုင်ရဲ့လား. . (မပေါ်နိုင်ပါ) ပုဗ္ဗဘာဂမဂ်ဟာ ပွားများ ပွားများဆိုတာက အကြိမ်များစွာကိုဆိုတာ၊ ဒါဖြင့် သောတာပတ္တိ မဂ်ကအကြိမ်များစွာပွားများရမှာလား၊ သူ့ရှေ့ကမဂ်ကသာ အကြိမ်များစွာ ပွားများရမှာလား (ရှေ့က မဂ်ကသာ ပွားများ ရမှာပါ)၊ ရှေ့က မဂ်ကပွားများရမှာ၊ ဒီလိုပွားများတယ် ဆိုရင် ဒီမဂ်လာမယ်၊ ရှင်းပြီးလား။

## ငါးပါးမှောက်မှာစိုးလို့ သတိပေးရတာ

ဒါဖြင့် ဒါကို မယူတတ်လို့ရှိရင် ဒီပွားများနေတာကို သောတာပတ္တိမဂ် ရပြီထင်ပြီး ငါးပါးမှောက်မှာစိုးလို့ သတိပေးရတာပါ၊ မပေးထိုက်ဘူးလား (ပေးထိုက်ပါတယ်) ဒါဖြင့် ပုဗ္ဗဘာဂမဂ်ကို သူ့ရှေ့နားကျတော့မဂ်၊ လောကုတ္တရာမဂ်၏ ရှေ့နားကျတော့ ဝိပဿနာမဂ်ကိုဆိုသည်၊ ရှင်းပြီလား၊ ဝိပဿနာမဂ်ကတော့ အကြိမ်ဘယ်လောက်ပွားများရမှာလဲ မေးရင် ဦးသံဒိုင်ဘယ်လောက်ဖြေမတုံး (အရေအတွက်မရှိပါ)၊ ဉာဏ်စဉ်ကိုတက်အောင်ပွားရမယ်၊ ယထာဘူတဉာဏ်လည်း သူနဲ့ပွားရမယ်၊ နိဗ္ဗိန္ဒဉာဏ်ရော. . . (သူနဲ့ပွားရမယ်) အဲ. . . သူ့သာ ခင်ဗျားတို့တွင်တွင်ပွါးလို့ရှိရင်ဖြင့် သူပေါ်လာလိမ့်မယ်။

## မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသိန်

ကဲ. . . ဒါဖြင့် မိလိန္ဒမင်းကြီးနဲ့ အရှင်နာဂသိန်က တစ်မျိုးတည်း၊ အရှင်ဘုရား. . . ပုဗ္ဗဘာဂမဂ်နဲ့ ရှေ့မဂ်၊ လောကီမဂ်နဲ့ လောကုတ္တရာမဂ်နဲ့ ဘာထူးသတုံးမေးတယ်၊ လောကီဒါလည်း လောကီမဟုတ်လား မဂ်ခေါ်၊ ကဲ . . . သူလည်း ကိလေသာ ဖြတ်တာပဲ၊ သူက တဒင်္ဂဖြတ်တယ်, သူက သမုစ္ဆေဒ ဖြတ်တယ်, မထူးဘူးလား၊ နို့ဖြတ်တာချင်း အတူတူမှာ "ရှေ့မဂ်က ငါးပါးပါသလား" အေး ရှေ့မဂ်က ငါးပါး၊ ခင်ဗျားတို့

ရှုချင်တိုင်းရှု၊ ရှေ့မဂ်က ငါးပါးပဲ "လောကုတ္တရာမှာရော ရှေ့မဂ်ငါးပါးပါသလား" အင်း. . . ရှေ့မဂ် ငါးပါးနဲ့ "သူမှာတော့ သုံးပါးပါတယ်" သူ့မှာ တော့ သီလမဂ္ဂင်သုံးပါးပါတယ်။

## ဝါးစိမ်းနှစ်လုံးပွတ်ကြည့်ပါ

အဲဒီတော့ ဒီလိုယူကွာတဲ့၊ ဝါးစိမ်းနှစ်လုံး ကိုထွန်းရင်ကကိုင်ထား၊ ဝါးစိမ်းနှစ်လုံး ဝါးနှစ်လုံးကို တစ်တောင် တစ်တောင် စီဖြတ်ထားနော်၊ ပွတ်ပါ၊ ဒီအထဲမှာ တောက်တဲ့မီးတော့ မပါဘူး (မပါ,ပါ)၊ ဒါဖြင့် ဒီဘက်တစ်လုံးထဲမှာရော. . . (မပါ,ပါ) ဝါးချင်း ပွတ်ပွတ်ကြည့်၊ မီးလင်းလာလိမ့်မယ်. . . (တင်ပါ့ဘုရား)။

## မီးထွက်လာလိမ့်မယ်

ဒီအပူ ဘယ်ကလာသတုံးလို့မေးတော့ ဘယ့်နှယ်ဖြေမလဲ၊ ပွတ်ပါများလို့၊ သဘောကျပလား၊ ပွတ်ပါများတော့ ဒီဝါးဟာ ယခုတွင်က အေးစက်ကြီးက အပူပဲဖြစ်ရမယ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်) အဲဒါ ဝိပဿနာမဂ်နဲ့ တူတယ်၊ နောက်ကျတော့ မီးထွက်လာလိမ့်မယ်၊ မင်းတို့ အလိုရှိတဲ့မီး၊ ကိုယ်အလိုရှိတဲ့မီး၊ ကျုပ်တို့အလိုရှိတာ မီးအလိုရှိလို့ပွတ်တာ အပူတောင် အလိုရှိလို့ မဟုတ်ဘူး၊ မီးတောက်အလိုရှိလို့၊ နောက်ဆုံးပိတ် ပွတ်နိုင်သလောက် ပွတ်တဲ့အခါကျတော့. . . မီးထွက်တဲ့အချိန်ရောက်တော့ မထွက်ပေဘူးလား. . . (ထွက်ပါတယ်ဘုရား)။

## လောကုတ္တရာမဂ်ပေါ်တာနဲ့တူတယ်

မီးထွက်တဲ့အချိန်ရောက်တာနဲ့ လောကုတ္တရာမဂ်ပေါ်တာနဲ့တူတယ်၊ ပူနေတာနဲ့ လောကီမဂ် ပေါ်တာနဲ့တူတယ်၊ လောကီမဂ် မပူဘဲ မီးထွက်တဲ့ လောကုတ္တရာမဂ်ထွက်နိုင်ပါ့မလား. . . (မထွက်နိုင်ပါဘုရား၊ ပူရဦးမယ် အများကြီး ပူရဦးမယ်၊ ပူနိုင်သရွေ့ပူလို့ မီးထွက်တဲ့ ဒီဂရီပြည့်စုံမှ ဒီမီးထွက်မယ် . . . (မှန်ပါ့) နို့မဟုတ်ရင် ထွက်ပါ့မလား (မထွက်ပါဘုရား) အဲ ခင်ဗျားတို့လည်း ဒီဘက်ကို မပျင်းရင် ဒီမဂ်ရမယ်၊ ရှင်းပြီလား၊ ဒီဘက်ကို ပျင်းနေရင် ဒီမဂ်က အလိုလိုဘယ်တော့မှ မပေါ်ဘူး၊ သူ့ပူမှ ပေါ်မယ် (တင်ပါ့ဘုရား) မှတ်မိပလား။

## ဖြစ်ပျက်များများရှုရမယ်

ဒါဖြင့် ဘယ်ဟာကို အရင်လုပ်ရမလဲ၊ ပူနေအောင် ပွတ်တဲ့အလုပ်, လုပ်ရတယ်၊ ဒါဖြင့် ဖြစ်ပျက်မှုကိုရှုတာကို များများရှု ဟုတ်လား . . . (တင်ပါ့)၊ အဲဒီတော့ ဖြစ်ပျက်မုန်းလာအောင် ရှုပေးပါ (တင်ပါ့ဘုရား) နောက်ကျတော့ မီးထွက်လာတယ်ဆိုတဲ့အခါကျတော့ ဟောဒီဖြစ်ပျက်တာသည် ခင်ဗျားတို့ ရှေ့တွင်ချုပ်မယ်၊ ချုပ်သွားလို့ရှိရင် ဒီမဂ်ပေါ်ပြီလို့ မှတ်ပေတော့ လောကုတ္တရာမဂ်၊ သဘောပါသလား. . . (တင်ပါ့) ဒါဖြင့် ပွတ်မှုလုပ်တာ ခင်ဗျားတို့တာဝန်. . . (တင်ပါ့) မီးထွက်ပါဆိုပြီး

ပွတ်နေလို့တော့ မထွက်ဘူး၊ ထွက်ချိန်ကျတော့ (ထွက်မှာပါ) ပွတ်တဲ့အလုပ်က ကျုပ်တို့အလုပ်၊ မီးထွက်ဖို့ အလုပ်က ဝါးအလုပ်၊ သဘောပါလား၊ ပွတ်ဖို့ အလုပ်က. . . (တပည့်တော်တို့အလုပ်) မီးထွက်ဖို့က (ဝါးအလုပ်ပါ)။

## ဝါးအလုပ်နဲ့ကိုယ့်အလုပ်နှစ်ခုခွဲလိုက်ပါ

ဒါဖြင့် ဝါးအလုပ်နဲ့ ကျုပ်တို့အလုပ်နှစ်ခုခွဲလိုက်၊ ပွတ်ဖို့အလုပ်ကို ကျုပ်တို့က မနေမနားသာ ပွတ်နေလို့ရှိရင် မီးထွက်ဖို့အလုပ် ဝါးက သူ့ဟာသူလုပ်လိမ့်မယ်၊ သဘောပါပြီလား. . . (ပါ,ပါပြီ) ဒါဖြင့် ဝိပဿနာများများလုပ် မဂ်ပေါ်လိမ့်မယ်၊ ဝိပဿနာမလုပ်ရင်. . . (မဂ်မပေါ်ပါဘုရား) မဂ်မပေါ်ဘူးဆိုတော့ ဩော်. . . ဒါ ဘုရားက ဘာဝေတဗ္ဗကိစ္စလို့ ဟောထားတာပဲဗျ၊ ဆုတောင်းနဲ့ပေါ်လိမ့်မယ်လို့ ဘယ်တော့ဟောဖူးသလဲ . . . (မဟောပါဘုရား) ရှင်းပြီနော်။

## ဒီအလုပ်မလုပ်ရင်ဘာဖြစ်မလဲ

ကဲ. . . ဒါဖြင့် ဒီအလုပ်ကို လုပ်ကြတော့မယ်၊ တစ်ယောက်က ဝေဒနာနုပဿနာ၊ တစ်ယောက်ကစိတ္တာနုပဿနာမလုပ်ရင် ဘာဖြစ်မလဲ၊ ပြန်ပြောပြမယ်နော်၊ မလုပ်လို့ရှိရင်တဲ့ အဝိဇ္ဇာသင်္ခါရကြောင့် လူမိုက်ခန္ဓာငါးပါးပေါ်ပြီ၊ ခန္ဓာငါးပါးကို ကျွေးမှု, မွေးမှု, ဆင်ယင်မှုကြောင့် ခန္ဓာငါးပါးဆင်ယင်မှုကြောင့်

ကံတွေလည်းလာမယ်၊ ကံလာလို့ရှိ ရင် ဒီဇာတိ, ဇရာ, မရဏတွေမလာပေဘူးလား (လာပါမယ်) လာတော့ကို ခင်ဗျားတို့ မနေ့ကလည်း ပြောခဲ့ပါပြီ၊ ခန္ဓာကိုယ်ခင်တာက တဏှာ၊ ခန္ဓာကိုယ်စွဲလမ်းတာက ဥပါဒါန်နော်၊ ဒါဟာ ကိလေသ ဝဋ်လို့ မနေ့က မပြောခဲ့ဘူးလား၊ ဒါကလေးက ကမ္မဝဋ်၊ ဒါက ဘာတဲ့. . . (ဝိပါကဝဋ်ပါ) ကိလေသဝဋ်၊ အဝိဇ္ဇာနဲ့ တဏှာ ကိလေသဝဋ်နော်၊ ကိလေသဝဋ်သာ လုပ်နေရင် ကမ္မဝဋ်က လာရတော့မယ်. . . (တင်ပါ့) ကမ္မဝဋ် လာလို့ရှိရင် ဝိပါကဝဋ် လာမယ်၊ ဝိပါကဝဋ်ဆိုတာ ခန္ဓာငါးပါး၊ ဝိပါကဝဋ်က ဘာပါ လိမ့်. . . (ခန္ဓာငါးပါးပါဘုရား)။

## ဘဝနှစ်သက်တဲ့လောဘဇော

ဟို. . . ပဋိစ္စသမုပ္ပါဒ်ကို နားလည်ပြီးသားမို့ ဖြတ်လိုက်၊ ကိလေသာဝဋ်ရှိရင် ဘာလုပ်နိုင်သလဲ၊ ကမ္မဝဋ်လာရမယ် (ကမ္မဝဋ်လာပါတယ်) ကမ္မဝဋ်လာရင် (ဝိပါကဝဋ်လာပါတယ်) အဲ. . . ဒါဖြင့် တစ်, နှစ်, သုံး၊ သုံးရောက်တယ်၊ ဝိပါကဝဋ်လာလို့ ရှိရင် ဝိပါကပါရင် ကိလေသဝဋ်ပါရမယ်၊ ကိလေသဝဋ်ဝင်လာ တယ်၊ ဘယ်နှယ်ကြောင့် ကိလေသဝဋ် ဝင်လာသတုံး၊ ဘဝနိကန္တိက လောဘဇောဆိုတာ ဘဝနှစ်သက်တယ်ဆိုတဲ့ လောဘဇောဟာ အရင်ရောက်လာတယ်၊ မရောက်ဘူးလား

(ရောက်ပါတယ်) ပဋိသန္ဓေနေတယ်ဆိုလို့ရှိရင် ပဋိသန္ဓေဘဝင် ၁၅-ချက်, ၁၀-ချက် ဘဝနိကန္တိက လောဘဇော ၇-ချက် မလာပေဘူးလား (လာပါတယ်) အဲ-ဒီတော့ တဏှာ, ဥပါဒါန် အရင်မရောက်ပေဘူးလား၊ ရောက်တော့ကို အရင်တုန်းက ဟာက ဒါက ကိလေသ ဝဋ်ကြောင့် (ဝိပါကဝဋ်) ဝိပါကဝဋ်ထဲမှာ ဘယ်သူပေါက်ပွားသလဲ (ကိလေသဝဋ်) ကိလေသဝဋ် ပေါက်ပွားတယ်၊ ကိလေသဝဋ် ပေါက်ပွားရင် ဒီဟာ ကမ္မဝဋ်ဖြစ်ရမယ်၊ မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## ဝဋ်သုံးပါးလည်တယ်

ဒါက ဘာဖြစ်သလဲ (ဝိပါကဝဋ်) ဝိပါကကဝဋ် ဖြစ်လို့ရှိရင် ဝိပါကဝဋ်ထဲမှာ ဘယ်သူပေါက်ပွားရမလဲ၊ စဉ်းစားစမ်း ကိလေသဝဋ် (ကိလေသဝဋ်ပါ) ကိလေသာဝဋ်ပေါက်ပွားလို့ရှိရင် ယခုတွင်က ဒီနံပါတ်က ကမ္မဝဋ်သွားဖြစ်မယ်. . . (တင်ပ့ါ) မဖြစ်ပေဘူးလား (ဖြစ်ပါတယ်) ကမ္မဝဋ်သွားဖြစ်ရင် ဒီနံပါတ်က ဘာဖြစ်မလဲ. . . ဝိပါကဝဋ်ဖြစ်ရမယ်၊ ဝိပါကဝဋ်ဖြစ်လို့ရှိရင် ဘာပေါက်ပွားမလဲ (ကိလေသဝဋ်ပြန်ပေါက်ပွားမယ်) အင်း. . . သူဟာ လိုရင်းပဲ လည်တတ်ပြီလား၊ ဒါတော့ ကိုယ်တိုင်လည်ခဲ့ပါပြီ၊ မင်းတို့ ရှုပ်မနေပါနဲ့ ဟုတ်ပြီလား၊ ယခုဟာကတော့ ဉာဏ်နဲ့လည်တာပါ၊ ကိုယ်ကိုယ်တိုင်ကတော့ လူလိုကို လည်ခဲ့တယ် လည်တတ်ပလား. . ဝဋ်သုံးပါး. . . (လည်တတ်ပါပြီဘုရား)။

## ကြက်ဥ၊ ကြက်မ အစရှာမတွေ့

ရှေးတုန်းက ဘယ်လိုနေခဲ့သလဲဆိုတော့ ကြက်ဥ, ကြက်မ အစ, ရှာတွေ့ရဲ့လား . . . (မတွေ့ပါဘုရား) ကြည့်လေ အစ, ရှာမတွေ့တာ ကျုပ်ရှင်းပြီးပေါ့ ခင်ဗျားတို့၊ ဒါကအဝိဇ္ဇာ, တဏှာ ကိလေသဝဋ်၊ ဒါက ကမ္မဝဋ် ဟုတ်ပြီလား၊ ဒီခန္ဓာငါးပါးကို ဝိပါကဝဋ်လို့မပြောဘူးလား၊ ဒါက ပဋိစ္စသမုပ္ပါဒ်အတိုင်းနော် (တင်ပါ့ဘုရား)။

ဝိပါကဝဋ်ရောက်လာရင် မဂ္ဂဖြတ်စရိယ အကျင့်မကျင့်တဲ့ ပုဂ္ဂိုလ် ဘာဖြစ်မတုံး. . . လို့ မေးဖို့မလိုဘူးလား၊ (လိုပါတယ်) ကိလေသဝဋ်ပဲပေါက်ပွားမယ်၊ ဒီ့ပြင်ဘာမှ မပေါက်ပွားဘူး။

## ဝဋ်ဆိုတာအလုံး

ဘာဝဋ် ပေါက်ပွားမလဲ၊ (ကိလေသာဝဋ်ပါဘုရား) ဒါပဲရှိတယ်၊ ကိလေသဝဋ်ပေါက်ပွားရင် ကိလေသဝဋ်သည် ဘာကိုလုပ်မလဲ. . . ကံကိုလုပ်မယ်၊ ကမ္မဝဋ်မလာပေဘူးလား . . . (လာပါတယ်) ကမ္မဝဋ်လာရင် ဝိပါကဝဋ် ငြင်းလို့လွှတ်ပါ့မလား၊ (မလွတ်ပါဘုရား) မလွတ်ဘူးဆိုရင် ဝိပါကဝဋ် ခန္ဓာငါးပါးဒီမှာလာလိမ့်မယ်၊ မလာပေဘူးလား၊ (လာပါတယ်) လာရင် ညည့်သည်ကိလေသဝဋ်ဖြစ်ရမယ်. . . (တင်ပါ့) ဒါဖြင့် ခင်ဗျားတို့

ဘယ်ကစသတုံးလို့ မေးလို့ရှိရင် ဖြေစရာရှိသေးသလား (မရှိတော့ပါ) မရှိတော့ဘူး၊ သဘောပါပြီလား. . . ဒါကြောင့် ဝဋ်ဆိုတာ အလုံး၊ ဝဋ်သဒ္ဒါအလုံး ဟောတယ်၊ လုံးနေလိုက်တာဖြင့် အစ, ရှာတွေ့သေးရဲ့လား. . . (မတွေ့ပါဘုရား)။

## ဒီတစ်ခါမရရင် အလင်းဘယ်တော့မှ မရနိုင်

မတွေ့တော့ဘူးဆိုတဲ့ နောက်ဆုံး တပည့်တော်တို့ ဘယ်လို နေခဲ့သလဲဆိုရင် အလုံးထဲမှာနေခဲ့ပါတယ်၊ ဘယ်လို နေခဲ့ရသလဲ. . . (အလုံးထဲမှာ နေခဲ့ရပါတယ်) ဘယ်တော့များ အပြင်ဘက်ကအလင်းမြင်ဖူးသလဲ၊ အလုံးထဲနေတဲ့ပုဂ္ဂိုလ်မှာ အလင်းကိုမြင်ရပါ့မလား၊ အလင်းဘယ်တော့မှ မရကြဘူး၊ ဒီတစ်ခါ ရရင် ရပါတဲ့၊ ခင်ဗျားတို့မရရင် ဥထဲမှာ သေကြတဲ့ ကြက်ကလေးလိုပဲ ကလလ ရေကြည်အဖြစ်နဲ့ တည်လိုက်။

ဥထဲမှာ ပုပ်တယ်၊ အပြင်ဘက်ကို အတောင်ဖြန့်စရာ ပါပါ့မလား၊ သဘောပါပြီလား၊ ဒါဖြင့် နောက်တုန်းက ဝဋ်လည်တယ်ဆိုတာ ကျေနပ်ပြီလား. . . (တင်ပါ့) ကိလေသဝဋ်ကြောင့် ဘာဝဋ်ဖြစ်သလဲ၊ (ကမ္မဝဋ်ပါ) ကမ္မဝဋ်ကြောင့် (ဝိပါကဝဋ်) ဝိပါကဝဋ်ဖြစ်ရင် ဟိုဘယ်သူရောက်လာသလဲ (ကိလေသဝဋ်) ကိလေသဝဋ်ဖြစ်ရင် နောက်သူက ဘာတည်ထောင်ပြန်သလဲ (ကမ္မဝဋ်တည်ထောင်တယ်) ကမ္မဝဋ်တည်ထောင်တော့ ဘာဝဋ်ဖြစ်သလဲ. . . (ဝိပါကဝဋ်ဖြစ်တယ်)။

## ဒီအထဲမှာအလင်းဘယ်တော့ရမလဲ

ဝိပါကဝဋ်ထဲ ဘယ်သူပေါက်ပွားသလဲ၊ (ကိလေသဝဋ်ပေါက်ပွားပါတယ်) ပြီးစရာ မြင်သေးသလား၊ ဒါ. . . မဂ္ဂ ဖြဟ္မစရိယအကျင့် ကျင့်ရင်ကျင့်မှ၊ မကျင့်ရင် (ဒီထဲမှာ လည်ဦးမှာပါ) ဒီထဲမှာပဲ အလင်းဘယ်တော့ရမလဲ. . . မရနိုင်ဘူး၊ အမှောင်ထဲကလာပြီး အမှောင်ထဲသွားနေတဲ့ ဒီဝဋ်လည်တာ ရပ်မလား . . . (မရပ်ပါဘုရား)။

ကဲ. . . နာရီစေ့သွားပြီ၊ နားကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။